မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၄)၊ အမှတ်(၉၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မျိုးချစ်စိတ်ဓာတ်ပြည့်ဝသူများ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပြန်လည်ရယူနိုင်

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရိုးရာဓလေ့တို့ကို ချစ်မြတ်နိုးသည့်စိတ်၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးကိုထိလျှင် မခံချိအောင်နာတတ်သည့်စိတ်၊ ကိုယ့်တိုင်းပြည်အတွက် ကိုယ်ကျိုးမငဲ့ဘဲ စွန့်လွှတ်စွန့်စားတတ်သည့်စိတ်ဟူသော မျိုးချစ်စိတ်ဓာတ်ဖြင့် ပြည့်ဝသူများဖြစ်ကြသည်။ လွတ်လပ်ရေးကို မြတ်နိုးသူများလည်း ဖြစ်ကြသည်။ ဤသို့သော မျိုးရိုးဗီဇနှင့် စိတ်ဓာတ်ရှိခြင်းကြောင့်လည်း ဆုံးရှုံးခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ–

ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထားလမ်းမကြီးသည် တိုင်းရင်းသား ချစ်ကြည်ရင်းနှီးရေး ရထားလမ်းကြီးအဖြစ် ပီပြင်စွာပေါ်ထွက်လာ

တိုင်းရင်းသားပြည်သူ ခုနစ်သိန်းနီးပါးခန့် လွယ်ကူစွာ အပြန်အလှန်ကူးသန်းသွားလာဆက်ဆံနိုင်ပြီ

ရန်ကုန် ဇန်နဝါရီ ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထားလမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ နမ့်စန်ဘူတာနှင့် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ဘူတာတို့ရှိ မင်္ဂလာမဏ္ဍပ်များ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားသည်။ ***ကျော်ဖုံးသို့***

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ နမ့်စန်ဘူတာမှ စတင်ထွက်ခွာမည့် ရထားတွင် စီးနင်းလိုက်ပါကြသည့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ကျရောက်မည့် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို–

- **နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး၊**
- **ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား အားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊**
- **စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး**

ဟူသော အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံတစ်ဝန်းတွင် စည်စည်ကားကား သိုက်သိုက် ဝန်းဝန်း ခမ်းခမ်းနားနား ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိသည်။

၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ၏ တန်ဖိုးကို အစဉ် သတိရနေစေရန် နိုင်ငံတော်က လွတ်လပ်ရေးနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပပေးခဲ့သည့်နည်းတူ ၂၀၀၆ခုနှစ်တွင်လည်း (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့တော် နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား၊ လွတ်လပ်ရေးနေ့ညစ်ခံပွဲ၊ စာစီစာကုံး၊ ကဗျာ၊ ရုပ်မြင်သံကြား၊ ဉာဏ်စမ်းပဟေဠိ ကွန်ပျူတာပန်းချီပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ များကို ကျင်းပပေးပြီး လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြခန်းကိုလည်း ခင်းကျင်းပြသသွားမည် ဖြစ်သည်။

မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်ရိုးရာဓလေ့တို့ကို ချစ်မြတ်နိုးသည့်စိတ်၊ ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးကိုထိလျှင် မခံနိုင်အောင်နာတတ်သည့် စိတ်၊ ကိုယ့်တိုင်းပြည်အတွက် ကိုယ်ကျိုးမငဲ့ဘဲ စွန့်လွှတ်စွန့်စားတတ်သည့် စိတ်ဟူသော မျိုးချစ်စိတ်ဓာတ်ဖြင့် ပြည့်ဝသူများဖြစ်ကြသည်။ လွတ်လပ်ရေးကို မြတ်နိုးသူများလည်း ဖြစ်ကြသည်။ ဤသို့သော မျိုးရိုးဗီဇနှင့် စိတ်ဓာတ်ရှိခြင်းကြောင့်လည်း ဆုံးရှုံးခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့် ရှောက်ရန်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ မွေးရာပါ အမျိုးသားရေးတာဝန်ဖြစ်ပေသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် ပူးပေါင်းလက်တွဲ၍ ကြိုးပမ်းတည်ဆောက်လျက်ရှိရာ တိုးတက်အောင်မြင်မှု အခြေခံကောင်းများ ရရှိနေပြီဖြစ်ပေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်ဖြစ်ထွန်းပြီး နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ရင်ဝယ်ပိုက်၍ စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် ထိန်းသိမ်းစောင့်ရှောက် သွားကြရန်နှင့် နိုင်ငံတော်၏ဦးဆောင်မှုဖြင့် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ သိုက်သိုက်ဝန်းဝန်း စည်စည်ကားကား ကျင်းပသွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တံတားဦးနှင့်ကျောက်ဆည်မြို့နယ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးထားရှိမှု တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်စစ်ဆေး၊တိုးချဲ့စိုက်ပျိုးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြား

ရန်ကုန် ဇန်နဝါရီ ၁

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ၃၀ရက် နံနက်ဇနာရီက တံတားဦးမြို့နယ် ကျောက်ဆည်–တံတားဦးလမ်းရှိ စကားအင်းကျေးရွာသို့သွားရောက်၍ လမ်းဘေးဝဲယာမြေ ၁ဒသမ ၅ ဧကတွင် ခြံစည်းရိုးကြက်ဆူကိုင်း ၂၀၀၀ စိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အပင်များရှင်သန်အောင် စနစ်တကျ ထိန်းသိမ်း စိုက်ပျိုးရန် မှာကြားသည်။

ကျောက်ဆည်မြို့နယ်

ထို့နောက် တိုင်းမှူးသည် ကျောက်ဆည်မြို့နယ် သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်၌ မြို့နယ်အတွင်းကျေးရွာများတွင် စိုက်ပျိုးမည့်ကြက်ဆူပျိုးပင် အတွက် ကြက်ဆူကိုင်းများစုဆောင်းထားရှိမှု၊ဌာနဆိုင်ရာများ၏ ခြံစည်းရိုးကြက် ဆူမျိုးစေ့များစုဆောင်းထားရှိမှု၊ဌာနဆိုင်ရာအလိုက်အစေ့ချပျိုးထောင်ထားရှိသော ၁၂ ရက်သားအရွယ် ပျိုးပင်များဖြစ်ထွန်းမှုကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်း၍ ကြက်ဆူကိုင်းပျိုးထောင်မှုကို ကြည့်ရှုအားပေး သည်။

ပျိုးထောင်ထားပြီးဖြစ်

အဆိုပါမြို့မပျိုးဥယျာဉ်၌ ၂၀၀၆–၂၀၀၇ခုနှစ်အတွက် ဌာနအလိုက် ခြံစည်းရိုး ကြက်ဆူပင်ပျိုးထောင်ရန် အပင်၇၆၉၀၀ လျာထားရာမှ ကိုင်းပျိုး ပင်၇၅၀၀၀၊ ကြက်ဆူစေ့ပျိုးပင်၆၅၀၀၀ စုစုပေါင်း အပင်၁၄၀၀၀၀ ပျိုးထောင် ထားရှိပြီးဖြစ်ကြောင်း သိရသည်။

လှည့်လည်ကြည့်ရှု

ထို့နောက်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့၏ ကြက်ဆူ ပျိုးဥယျာဉ်၌ အစေ့ချပျိုးထောင်ထားရှိသော ၁၀ရက်သားအရွယ် ပျိုးပင်များနှင့်ကိုင်း စိုက်စနစ်ဖြင့်ပျိုးထောင်ထားရှိသောကြက်ဆူပင်များ ဖြစ်ထွန်း မှုကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြင်းစိုင်းမြို့သစ်ရပ်ကွက် ရွှေသာလျောင်း တောင်ခြေရှိကျောက် ဆည်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စိုက်ပျိုးထားရှိသော ခြံစည်းရိုးကြက်ဆူစိုက်ခင်း ငါးဧက၌ တိုက်ရိုက်အစေ့ချစနစ် ဖြင့် စိုက်ပျိုးထားရှိသော ပျိုးသက်၁နှစ်၄လရှိ ကြက်ဆူပင်များဖြစ်ထွန်းမှုနှင့် အသီးသီးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူ များအား လိုအပ်သည်များ မှာကြားသည်။

ကျောက်ဆည်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ကြက်ဆူစိုက်ခင်းငါးဧကတွင် ခြံစည်းရိုးကြက်ဆူပင် ၅၁၅၅ပင်ကို ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၆ ရက်မှစတင် စိုက်ပျိုးခဲ့ရာ ယခုအခါ ကြက်ဆူပင် ၁၀၂ ပင်မှ အသီးများသီးလျက်ရှိကြောင်း သိရသည်။

အသုံးပြုမောင်းနှင်သရုပ်ပြ

ထို့နောက် တိုင်းမှူးသည် ကြက်ဆူစေ့ဆီ ညှစ်စက်ဖြင့် ကြက်ဆူဆီထုတ်လုပ်၍ ကြက်ဆူဆီဖြင့် လယ်ယာ ၁၆ လက်တွန်းထွန်စက်နှင့် ဖွဲလက်တွန်းထွန်စက် များတွင် အသုံးပြုမောင်းနှင်သရုပ်ပြသမှုများကို ကြည့်ရှုအားပေးရာ ကျောက်ဆည် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အုန်းက ခရိုင်အတွင်း ကြက်ဆူစိုက်ပျိုးရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးကဒေသအတွင်း ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးရေးနှင့် စိုက်နည်းစနစ်မှန်ကန်ရေးတို့အတွက် စနစ်တကျကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ကျောက်ဆည်ခရိုင်အတွင်းမှ ကျေးရွာအုပ်စုများ၌ ဒေသခံပြည်သူများ ကြက်ဆူပင်စိုက်ပျိုးနိုင်ရန် ခြံစည်းရိုး ကြက်ဆူကိုင်းပျိုးများ ပေးအပ်သည်။

လျာထားချက်နှင့်အညီ

မန္တလေးတိုင်းတွင် ၂၀၀၆–၂၀၀၇ ခုနှစ်၌ ခြံစည်းရိုးကြက်ဆူကေသုံးသိန်း စိုက်ပျိုးရန်လျာထားရာ မျိုးစေ့၅၂၆၂ ပြည်၊ မျိုးစေ့ပင် ၁၆၅၀၀၀ ပင်၊ မျိုးကိုင်းပင်၅၂၄၆၇၅ပင် စုဆောင်းထားရှိပြီးဖြစ်၍ ၂၀၀၆ ခုနှစ် မတ်လအပြီး ပျိုးပင်များစုဆောင်းသွားမည်ဖြစ်ကြောင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ် အသီးသီးတွင် ကြက်ဆူစိုက်ပျိုးမှုလျာထားချက်နှင့်အညီ စိုက်ပျိုးနိုင်ရေး စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်းစိန် တောင်သူကုန်းရပ်ကွက် ဇေယျာဘုမ္မိအောင်သိဒ္ဓိအေးစေတီတော်ကြီး ပြန်လည်ပြုပြင်ရန်အတွက် မတည်အလှူငွေကျပ်သိန်းသုံးဆယ်ကို ဒီဇင်ဘာ ၂၉ ရက်က ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသထံ ဦးသော်–ဒေါ်သိန်းတင် တို့အားရည်စူး၍ လမ်းမတော်မြို့နယ် ၄ လမ်း၊ အမှတ် (၂၈)နေ ကျန်ရစ်သူသားသမီးများဖြစ်သည့် ဦးလှမြင့်–ဒေါ်စန်းရီ၊ ဦးကြင်ဟန်–ဒေါ်နီ မိသားစုတို့က ဆက်ကပ်လှူဒါန်းစဉ်။ (၀၄၆)

မြဝတီရုပ်မြင်သံကြား

၂–၁–၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅း၄၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မိုးလေဝသသတင်း
- ၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်”** (အပိုင်း–၅၄)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မေးမြန်းစူးစမ်း
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ English Premier League ဘောလုံးပွဲ Bolton Wanderers Vs Liverpool (Live)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး၊

(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား အားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

* ကျောဖုံးမှ

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ မြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဆရာဆရာမများ၊ ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို စိန်ရတုခန်းမ ဥပစာရှေ့၌ ကျင်းပရာ အခမ်းအနားမှူးများအဖြစ် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မဟန်မွန်မျိုးဟိန်းနှင့် အဋ္ဌမတန်းကျောင်းသူ မဆုလာဘ်ရတနာတို့က ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို မြန်မာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ကြေညာသည်။

ဂုဏ်ပြုသီဆို

အစီအစဉ်အရ ရှေးဦးစွာ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ပြည်နယ်နှင့်တိုင်း ကိုယ်စားပြု ကျောင်းသား ကျောင်းသူ ၁၄ ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခြေခံပညာ ကျောင်းသားကျောင်းသူလေးများက မိုးပျံပူဖောင်းများကို လွှတ်တင်ပေးကြကာ ကျောင်းသားကျောင်းသူများက **“မြန်မာ့ကျောင်း”** သီချင်းဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် စိန်ရတုခန်းမ တတိယထပ်၌ ခင်းကျင်းပြသထားသည့် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် စိန်ရတုခန်းမ တတိယထပ်၌ ကျင်းပသည့် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဂီတဖျော်ဖြေမှုနှင့်ကျွမ်းကျင်မှု ပြပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မထက်ထက်အောင်နှင့် သတ္တမတန်းကျောင်းသူ မမေအိန္ဒြာကျော်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ကြေညာသည်။

ယင်းနောက် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက **“အပျိုတော်ယိမ်း”**ဖြင့် လည်းကောင်း၊ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက **“ပညာဖြိုးဝေ၊ တို့မြန်ပြည်”** အဆိုအကဖြင့်လည်းကောင်း၊ ဒဂုံမြို့နယ် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်းမှ အကြားအာရုံချို့ယွင်းသော တက္ကသိုလ်ဝင်တန်းကျောင်းသား မောင်ရဲလွင်ဦးနှင့် နဝမတန်းမှ စောမန်းဒေးတို့က **“မင်းသားပြိုင်အက”** ဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြပြီး ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရေး စုံညီပွဲတော် ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

(၅၈) နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ

နေ့ရက်– ၃–၁–၂၀၀၆ မှ ၁၁–၁–၂၀၀၆

အချိန် – နံနက်(၀၉း၀၀)နာရီမှ ညနေ(၁၇း၀၀)နာရီ

နေရာ – တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြည်လမ်းရှိ စိန်ရတုခန်းမ၌ကျင်းပသော ပညာရေးဝန်ကြီးဌာန ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)အမှတ်(၁)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂) အမှတ်(၁) နှစ်သစ်ကူး နှစ်ပတ်လည် အထူးထုတ်တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ ဒိုင်ယာရီ၊ ၂၀၀၄ ခုနှစ် ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီ သတင်းဓာတ်ပုံများ၊ ဂျပန်နိုင်ငံထုတ် စီအင်န်ဂျီ ဓာတ်ငွေ့သုံးကားများကို မြန်မာနိုင်ငံ ဈေးကွက်သို့ ပြည်တွင်းပုဂ္ဂလိက ကုမ္ပဏီတစ်ခုက ပထမဆုံးတင်သွင်း၊ မူဆယ် နယ်စပ်ကုန်သွယ်ရေးစခန်းရှိ သွင်းကုန်ယာဉ်စစ်ဆေးရေး အဆောက်အအုံ ၂၀၀၆ နှစ်ဆန်းတွင် ဖွင့်လှစ်မည်၊ ဂျပန်မျိုးဗီဇ သုတေသနပညာရှင် မြန်မာနိုင်ငံမှ နွားနောက်များနှင့် တိုင်းရင်းကြက်များအကြောင်း စာတမ်းတင်သွင်းရန် စီစဉ်နေ စသည့် ပြည်တွင်းသတင်းဦး သတင်းထူးများအပြင် နှစ်ပတ်လည် ပြည်တွင်း နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး သုံးသပ်ချက် သတင်းဆောင်းပါး ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိသည်။

၂၀၀၅ ခုနှစ်၏ ထူးခြားထင်ရှားကမ္ဘာ့ဖြစ်ရပ်များ၊ ဂူးဂဲလ်ယန္တရားကို တီထွင်သူနှစ်ဦးကို ၂၀၀၅ ခုနှစ် အမျိုးကောင်းသားအဖြစ် ဖိုင်နင်ရှယ်တိုင်းမ်က ရွေးချယ်၊ ၂၀၀၅ ခုနှစ် သိပ္ပံတွေ့ရှိချက်များတွင် ဆင့်ကဲဖြစ်စဉ် ထိုးဖောက်ကျော်လွှားမှုက ထိပ်ဆုံးနေရာကိုယူ၊ ၂၀၀၆ တွင် ကမ္ဘာ့ရေနံ ဝယ်လိုအား လျော့ကျမည်ဟု အိုပက် အကြီးအကဲပြောကြား၊ ကျော်ကြားသူတို့၏ ၂၀၀၅–၂၀၀၆ ခုနှစ် နိုင်ငံတကာ အနာဂတ် ဒိုင်ယာရီစသည့် နိုင်ငံတကာ သုံးသပ်ချက် သတင်းဆောင်းပါးများ အပါအဝင် ပါဝင်နေကျ ပုံမှန်ကဏ္ဍများစွာဖြင့် e-Empire Media House ဖုန်း–၅၀၀၇၂၁က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။
(သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်း ကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးနိုင်ရေးကြိုးပမ်း စိုက်ပျိုးနည်းနှင့်အသုံးဝင်ပုံများ ပြည်သူများသိရှိအောင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ၂၉ ရက် နံနက် ၉ နာရီက စစ်တွေမြို့ မြို့တော်ခန်းမရှိ ဧည့်ဝတီအစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း ၂၀၀၆–၂၀၀၇ ခုနှစ် ကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

မှာကြား

အစည်းအဝေးတွင် တိုင်းမှူးက ရခိုင်ပြည်နယ်အတွင်း ကြက်ဆူပင် ဧကငါးသိန်းစိုက်ပျိုးနိုင်ရေး၊ ကြက်ဆူပင် စိုက်ပျိုးနည်းနှင့် အသုံးဝင်ပုံများကို ပြည်သူများသိရှိနားလည်ပြီး စိုက်ပျိုးဆောင်ရွက်အောင် ကြိုးပမ်းဆောင်ရွက်ကြရေးအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းအမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေး လုပ်ငန်း မန်နေဂျာ ဦးကြည်ဟန်က ရခိုင်ပြည်နယ် ကြက်ဆူပင်စိုက်ပျိုးရေး စီမံချက်နှင့်ပတ်သက်၍လည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်မောင်ဝင်းက ကြက်ဆူဆီမှ သဘာဝလောင်စာဆီ (ဘိုင်အိုဒီဇယ်)ထုတ်လုပ်သုံးစွဲမှုနှင့်ပတ်သက်၍လည်းကောင်း၊ တာဝန်ရှိသူများက ကြက်ဆူပင် သတ်မှတ်လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ် ဥက္ကဋ္ဌများက ခရိုင်နှင့်မြို့နယ်အလိုက် ကြက်ဆူပင်စိုက်ပျိုးဆောင်ရွက်မည့် အစီအစဉ်များ မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

သရုပ်ပြပွဲတက်ရောက်

ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စစ်တွေမြို့ ကန်တော်ကြီးစိုက်ကွင်း၌ ကျင်းပသော စက်မောင်းဆီအစားထိုး ကြက်ဆူဆီ အသုံးပြုမောင်းနှင်ခြင်း သရုပ်ပြပွဲသို့တက်ရောက်၍ ကြက်ဆူပင်တိုးချဲ့ စိုက်ပျိုးနိုင်ရေးနှင့် ကြက်ဆူစေ့မှ ဇီဝလောင်စာဆီ ထုတ်လုပ်အသုံးပြုနိုင်မှု၊ ကြက်ဆူပင်အသုံးဝင်မှုနှင့် စိုက်ပျိုးနည်းစနစ် ဆိုင်ရာများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းမှူးက ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ကြက်ဆူမျိုးစေ့များ ပေးအပ်ပြီးနောက် ကြက်ဆူပင် နံရံကပ်ပိုစတာများ၊ ခင်းကျင်းပြသထားသော ကြက်ဆူပင်များနှင့် ကြက်ဆူသီးများကို လှည့်လည်ကြည့်ရှု၍ ပျိုးအိတ်များအတွင်း ကြက်ဆူပင်ကိုင်းများနှင့် ကြက်ဆူမျိုးစေ့များကို ပျိုးထောင်စိုက်ပျိုးပေးသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က တက်ရောက်လာသော ဒေသခံပြည်သူများနှင့် တောင်သူများအား ကြက်ဆူမျိုးစေ့များ ပေးဝေကြပြီး ပြည်နယ် စက်မှုလယ်ယာဦးစီးဌာနက ကြက်ဆူစေ့မှ ကြက်ဆူဆီညှစ်စက်ဖြင့် ဇီဝဒီဇယ်ကြက်ဆူဆီ ထုတ်လုပ်မှုလက်တွေ့သရုပ်ပြမှု၊ ကြက်ဆူဆီဖြင့် လက်တွန်းလယ်ထွန်စက်၊ စပါးရိတ်သိမ်းစက်နှင့်ထွေလာဂျီများလက်တွေ့မောင်းနှင် ပြသမှုတို့ကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

စင်ကာပူနိုင်ငံရှိ ကီပယ်ကုန်တင်သင်္ဘောဆိပ်ကမ်းကို ဒီဇင်ဘာ ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆူနာမီဘေးဒဏ်နှင့် အီရတ်၌ ဖြစ်ပွားနေသော စစ်ပွဲ ၂၀၀၅ ခုနှစ်၏ အထင်ရှားဆုံးဖြစ်ရပ်ကြီးများဖြစ်လာ

ဂျကာတာ ဇန်နဝါရီ ၁

၂၀၀၅ ခုနှစ်၏ အထင်ရှားဆုံးသော ဖြစ်ရပ်ကြီးများမှာ အီရတ်၌ ဖြစ်ပွားနေသည့်စစ်ပွဲနှင့် အာရှဆူနာမီ သဘာဝဘေးဒဏ်တို့ဖြစ်ကြောင်း ကမ္ဘာလုံးဆိုင်ရာ စစ်တမ်းတစ်ရပ်တွင် ဒီဇင်ဘာ ၃၁ ရက်က ဖော်ပြသည်။

ကက်ထရီနာနှင့် ရီတာမုန်တိုင်း တိုက်ခတ်ခြင်း၊ ပုပ်ရဟန်းမင်းကြီး သေဆုံးခြင်းတို့သည်လည်း ယခုနှစ်၏ အထင်ကရသမိုင်းမှတ်တိုင်များဖြစ်ခဲ့ကြောင်း နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ပြည်သူ ၃၂၅၀၀ နီးပါးအား စစ်တမ်းကောက်ယူပြီး ဖော်ပြလိုက်သည်။

ပြောကြား

၂၀၀၅ ခုနှစ်သည် သဘာဝနှင့် လူတို့ပြုလုပ်သော ဘေးအန္တရာယ်များနှစ်အဖြစ် တစ်ကမ္ဘာလုံးမှ ပြည်သူများက ရှုမြင်ထားကြကြောင်း ကနေဒါမှ စစ်တမ်းကောက်ယူရေးဥက္ကဋ္ဌ ဒေါ့ဂ်ျ မော်လာက ပြောကြားသည်။

၂၀၀၃ ခုနှစ်က အမေရိကန် ဦးဆောင်၍ အီရတ်သမ္မတဆက်ဒမ် ဟူစိန်အား ဖြုတ်ချခြင်းနှင့် အာရှဆူနာမီဘေးအန္တရာယ်ကျရောက်ခြင်းတို့သည် အထင်ကရဖြစ်ရပ်များဖြစ်ကြောင်း ၁၅ ရာခိုင်နှုန်းက ဖြေကြားခဲ့သည်။

ဖော်ပြ

အမေရိကန်ပြည်ထောင်စု၌ ဖြစ်ပွားသော ဟာရီကိန်းမုန်တိုင်းများက ခြောက်ရာခိုင်နှုန်း၊ ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်သေဆုံးခြင်းနှင့် ဘင်နီဒစ်အား ပုပ်ရဟန်းမင်းကြီးအဖြစ်ရွေးချယ်တင်မြှောက်ခြင်းတို့မှာ ခြောက်ရာခိုင်နှုန်းရှိခဲ့ကြောင်း စစ်တမ်းတွင် ဖော်ပြသည်။

၂၀၀၄ ခုနှစ်အကုန်တွင် အာရှဆူနာမီဒီလှိုင်း သဘာဝဘေးအန္တရာယ်ကြောင့် လူ ၂၃၀၀၀၀ သေဆုံးခြင်း၊ သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ခဲ့ရသည်။

အောက်တိုဘာလကလည်း ပါကစ္စတန်တွင် ငလျင်လှုပ်မှုကြောင့် လူ ၇၃၀၀၀ သေဆုံးကာ လူသုံးသန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အရက်မူးနေသည့် လေယာဉ်ခရီးသည်အား လေယာဉ်မှူးက ကျွန်းတစ်ကျွန်းပေါ်၌ချထားခဲ့

လန်ဒန် ဇန်နဝါရီ ၁

အားလပ်ရက်တစ်ရက်တွင် အင်္ဂလန်မှစပိန်နိုင်ငံသို့ ပျံသန်းလာသော ခရီးသည်တင်လေယာဉ်တစ်စင်းပေါ်တွင် အရက်မူးသမားတစ်ဦးက လေယာဉ်အမှုထမ်းများအား အကြိမ်ကြိမ် ကြမ်းတမ်းသောစကားများဖြင့် ကျိန်တွယ်ပြောဆိုမှုများကြောင့် ၎င်းအား အာဖရိကကမ်းလွန်ရှိ ကျွန်းငယ်လေး တစ်ခုပေါ်သို့ ချထားပေးခဲ့ရကြောင်း ဒီဇင်ဘာ၃၀ရက်က ထုတ်ဝေသော သတင်းစာတစ်စောင်၌ ဖော်ပြထားသည်။

ဆုံးဖြတ်

ထိုအရက်မူးသမားခရီးသည်မှာ အရက်သောက်ရန် ထပ်မံပေးမှုကို လည်း ငြင်းဆိုသည့်အပြင် စကားအမျိုးမျိုးကို ပြောကြားကာ နောက်ဆုံးကြမ်းတမ်းသောစကားများ ပြောကြားလာမှုကြောင့် အတ္တလန္တိတ်သမုဒ္ဒရာရှိ မီးတောင်ကျွန်းလေးတစ်ခုဖြစ်သည့် ပေါ်တိုဆန်တို၌ အဆိုပါအရက်သမားကို လေယာဉ်ပေါ်မှချထားခဲ့ရန် လေယာဉ်မှူးက ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်ဟု ဒေးလီမေးလ် သတင်းစာက ဖော်ပြသည်။

မောင်းနှင်

ထိုသို့ လေယာဉ်မှူးက ဆုံးဖြတ်ခဲ့ပြီးနောက် အင်္ဂလန်မြောက်ပိုင်းမှ စပိန်နိုင်ငံသို့ ဦးတည်ပျံသန်းလာသော အဆိုပါ အဲယားဘတ်စ်လေယာဉ်သည် လမ်းကြောင်းပြောင်းကာ ပေါ်တူဂီကျွန်းလေးဆီသို့ လေးမိုင်ခန့်ဝေ့ဝိုက်ကာ ၁၀မိုင်ခန့်ခရီးရှည်ကို ပျံသန်း မောင်းနှင်ခဲ့ရသည်။

အဆိုပါကျွန်းရှိ လေဆိပ်တွင် အရက်မူးသမားခရီးသည်ကို ရဲတပ်ဖွဲ့လက်သို့အပ်နှံခဲ့သည့်အတွက် ၂၀၀၆ခု ဇန်နဝါရီလအတွင်း ပေါ်တူဂီတရားရုံးတွင် စစ်ဆေးခံရတော့မည်ဖြစ်သည်ဟု သတင်းစာ၌ ဆက်လက်ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ကျေးရွာတစ်ရွာကို အမေရိကန်တို့ဗုံးကြဲ လူ ၁၀ ဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁

အမေရိကန် ဂျက်တိုက်လေယာဉ်များသည် အီရတ်နိုင်ငံမြောက်ပိုင်း ကျေးရွာတစ်ရွာပေါ်သို့ ပေါင် ၅၀၀ (ကီလို ၂၂၅)အလေးချိန်ရှိ ဗုံးနှစ်လုံးကိုကြဲချခဲ့ရာ အနီးရှိ လမ်းပေါ်တွင် ဗုံးထောင်နေကြသူများဟု ၎င်းတို့က သံသယဖြစ်သူ အီရတ် ၁၀ဦးသေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

အခင်းဖြစ်ပွားသည့် နေရာမှာ ကယ်ကွယ်မြို့၏အနောက်တောင်ဘက် မိုင် ၃၀အကွာ ဟာဝီဂျာမြို့အနီးရှိ ကျေးရွာငယ်တစ်ရွာတွင် ဒီဇင်ဘာ ၂၇ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

တွေ့မြင်

လေယာဉ်မှူးများသည် လေယာဉ်များကို ပုံမှန်ကင်းလှည့်ပျံသန်းနေကြစဉ် လူသုံးဦးအား အဓိကလမ်းဘေးတွင် တွင်းများ တူးနေကြပြီး တွင်းထဲတွင် ဗုံးထောင်နေသည်ကို တွေ့မြင်ခဲ့ရကြောင်း စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြပါရှိသည်။

၎င်းတို့သည် အပေါ်မှလေယာဉ်အသံကို ကြားသောအခါ ကားတစ်စီးအတွင်း ခုန်တက်ပြေးကာ မောင်းပြေးကြပြီးနောက် ဂျက်လေယာဉ်များက လိုက်လံတိုက်ခိုက်သည့်အခါ အခြားကားတစ်စီးဖြင့် ပြောင်းစီးသွားခဲ့ကြကြောင်း၊ ၎င်းတို့သည်ကားကို ကျေးရွာအတွင်း မောင်းသွားကာ အဆောက်အအုံနှစ်ခုကြားတွင် ပုန်းအောင်းရန်ကြိုးပမ်းခဲ့ကြကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။

ပြောကြား

လေယာဉ်မှူးများက ပေါင် ၅၀၀ ရှိ လေဆာထိန်းဗုံးနှစ်လုံးကို ချခဲ့ကြောင်း စစ်ဘက်က ပြောကြားသည်။

အဆိုပါဗုံးများသည် ကားများကို ဖျက်ဆီးနိုင်မည်ဖြစ်ပြီး အနီးအနားပတ်ဝန်းကျင်အရာဝတ္ထုများမှာမူ သာမန်ပျက်စီးမှုသာလျှင် ရှိမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

တွေ့ရှိ

နောက်ပိုင်းတွင် အမေရိကန် တပ်ဖွဲ့ဝင်များက အဆိုပါ ကျေးရွာကို ဝင်ရောက်စီးနင်းခဲ့ရာ ရိုင်ဖယ်သေနတ်များ၊ စက်သေနတ်များနှင့် ဗုံးလုပ်ရာတွင် အသုံးပြုသောပစ္စည်းများကို လေကြောင်း တိုက်ခိုက်သည့်နေရာအနားရှိ အိမ်များအတွင်းမှ တွေ့ရှိခဲ့ကြောင်း၊ ၎င်းပြင် လူများ ပထမဆုံးပြေးဝင်သွားခဲ့သည့် လမ်းဘေးမှလည်း ဗုံးတစ်လုံးကို တွေ့ရှိခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။

အမ်အင်အေ၊ရိုက်တာ

ပါကစ္စတန်နိုင်ငံ၌ သတ္တုတွင်းပေါက်ကွဲမှုကြောင့် မြေပြိုပြီးလုပ်သား ၂၄ ဦးသေဆုံး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ပြိုကျနေသော မြေကြီးများအောက်မှ သတ္တုတွင်းလုပ်သား ၂၃ဦး၏ရုပ်အလောင်းများကိုပါကစ္စတန်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၃၀ ရက်သောကြာနေ့ နံနက်ပိုင်း၌ ရှာဖွေတွေ့ရှိခဲ့ကြပြီး နောက်ထပ်တစ်နေရာတွင်လည်း မြေကြီးများအောက် သေဆုံးနေသူ သတ္တုတွင်းလုပ်သားတစ်ဦးကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

ထုတ်ပြန်

ပါကစ္စတန်နိုင်ငံ ဟီစတန်ခရိုင် စပွတ်မာလီအရပ်တွင် မကြာမီက သတ္တုတွင်းများ ပေါက်ကွဲမှုကြောင့် မြေပြိုကျကာ သတ္တုတွင်းလုပ်သား ၂၄ဦး သေဆုံးခဲ့ရသည်ဟု ပါကစ္စတန်နိုင်ငံပိုင် အေပီပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကယ်ဆယ်

အခင်း ဖြစ်ပွားသည့်အချိန်က ပါကစ္စတန်စစ်ဘက်ဆိုင်ရာ အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်များနှင့်အတူ သတ္တုတွင်းလုပ်သားများကို ရှာဖွေခဲ့ကြသည်။ ဒေသဆိုင်ရာ အကူအညီပေးရေး အဖွဲ့များကလည်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

လွန်ခဲ့သောနှစ်ပေါင်း ၂၂၀၀ကျော်က အုတ်ဂူများ တရုတ်နိုင်ငံမြောက်ပိုင်း၌ တူးဖော်တွေ့ရှိ

ဟိုဟော့ ဇန်နဝါရီ ၁

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ရှေးဟောင်းသုတေသနပညာရှင်များသည် လွန်ခဲ့သောနှစ်ပေါင်း ၂၂၀၀ ကျော်ကာလက အုတ်ဂူ ၅၀၀ကို ဟိုရင်ဂါဒေသတွင် တူးဖော်တွေ့ရှိခဲ့သည်။ ယင်းတူးဖော်တွေ့ရှိမှုသည် ရှေးဟောင်းအမွေအနှစ်များ အရေအတွက် များပြားစွာတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်မက်ဖက်ပြိုင်သောနိုင်ငံများ ခေတ်(၄၇၅ ဘီစီ-၂၂၁ဘီစီ)မှ အုတ်ဂူ ၅၀၀ကို ရှေးဟောင်း တူးကျန်စီမြို့ပျက်အတွင်းမှ ဧပြီမှစ၍ ဒီဇင်ဘာအထိ တူးဖော်ခဲ့ရသည်ဟု ရှေးဟောင်းသုတေသနဌာနမှ လီကျမ်းက ပြောကြားသည်။

ယင်းအုတ်ဂူများထဲတွင် မြှုပ်နှံထားသော အလောင်းများတွင် အချို့အရိုးစုများ၏ ကိုယ်လက်အင်္ဂါများသည် တစ်ဖြောင့်တည်းဖြစ်နေပြီး အချို့အရိုးစုများသည် ကွေ့ကောက်နေသည်ကို တွေ့ရှိရကြောင်း လီကဆိုသည်။

ခန့်မှန်း

သေဆုံးသူများတွင် ၉၆ ရာခိုင်နှုန်းကျော်သည် အသက် ၂၅နှစ်ခန့်ရှိ ယောက်ျားများဖြစ်နိုင်သည်ဟု ပညာရှင်များက ပြောကြားသည်။ ၎င်းတို့သည် အသက်ရှင်လျက်ရှိစဉ်က လက်မှုပညာရှင်များသို့မဟုတ် စစ်သည်တော်များဖြစ်ရမည်ဟု ၎င်းတို့က ခန့်မှန်းကြသည်။

တွေ့ရှိ

အချို့အရိုးစုများသည် ဦးခေါင်းနှင့် ခြေထောက်များ မပါချေ။ ၎င်းတို့၏ ရင်ဘတ်နှင့် ဦးခေါင်းများတွင် ဓားဒဏ်ရာနှင့် မြားဒဏ်ရာများ၏ သဲလွန်စများကို တွေ့ရှိရကြောင်း၊ ထို့အပြင် အရေအတွက်များပြားသော ကြေးဓားအရှည်များနှင့် ဓားမြှောင်များကိုလည်း တွေ့ရှိခဲ့ရပြီး စစ်မက်ဖက်ပြိုင်သောနိုင်ငံများ ခေတ်ကာလကစစ်ပွဲများ မကြာခဏ ဖြစ်ပွားခဲ့သည်ဆိုတာကို ရည်ညွှန်းပြနေသည်ဟု ပညာရှင်များ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့တွင် မော်တာကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသော ကော်ဖီဆိုင်တစ်ဆိုင်ကို ဒီဇင်ဘာ ၃၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှား၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ တင်ပို့မှုတိုးတက် ၂၀၀၅ခုနှစ်တွင် ဒေါ်လာ ၁၅ဘီလီယံကျော် ရရှိမည်ဟုဆို

ဂျကာတာ ဇန်နဝါရီ ၁

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၅ခုနှစ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ဘီလီယံခန့်ရရှိမည်ဖြစ်ရာ ပြီးခဲ့သည့် ၂၀၀၄ခုနှစ်ကထက် ၄၁ ဒသမ ၅ရာခိုင်နှုန်းကျော်တိုးတက်ရရှိခဲ့ကြောင်း အင်ဒိုနီးရှားအစိုးရက ဒီဇင်ဘာ ၃၀ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍမှ ပြီးခဲ့သည့်နှစ်က ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈ဘီလီယံရရှိခဲ့ရာ ၂၀၀၅ ခုနှစ်၌ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၃ဘီလီယံခန့်ရရှိမည်ဖြစ်ရာ တိုးတက်မှု များစွာရှိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ စွမ်းအင်နှင့်သတ္တု သယံဇာတများဆိုင်ရာ ဝန်ကြီး ပူရာနိုမို ယူစဂန်တိုရိုက သတင်းထောက်များအား ပြောကြားသည်။

ပြီးခဲ့သည့်၂၀၀၄ခုနှစ်က ရေနံစိမ်းစည်ပေါင်း ၁၇၈ ဒသမ ၈၇သန်း ထုတ်လုပ်တင်ပို့နိုင်ခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် ရေနံစိမ်းစည် ၁၅၇ ဒသမ ၅သန်းကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း သို့သော်လည်း ရေနံဈေးနှုန်း ကောင်းမွန်မှုကြောင့် ၂၀၀၄ခုနှစ်က အမေရိကန် ဒေါ်လာ ၆ ဒသမ ၄၇ သန်းရရှိခဲ့ရာမှ ၂၀၀၅ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၅ သန်းအထိ ရရှိခဲ့ကြောင်း သိရှိရသည်။

တိုးမြင့်ရရှိ

သဘာဝဓာတ်ငွေ့ရည် တင်ပို့မှုမှာ ၂၀၀၄ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၅၆သန်းမှ ၂၀၀၅ခုနှစ်၌ အမေရိကန်ဒေါ်လာ ၄၀၆ သန်းအထိ တိုးမြင့်ရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

၂၀၀၅ခုနှစ်၌ နီပေါသို့ခရီးသွားဧည့်သည် လာရောက်ခဲ့မှုတိုးတက်

ခတ္တမန္ဒူ ဇန်နဝါရီ ၁

နီပေါနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်ရေးအတွက် ဆွဲဆောင်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၀၅ ခုနှစ် ဧပြီလနောက်ပိုင်းတွင် ခရီးသွားဧည့်သည် လာရောက်မှုတိုးတက်ခဲ့ကြောင်း နီပေါနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ (အင်တီဘီ)က ဒီဇင်ဘာ၃၀ရက် သောကြာနေ့၌ ပြောကြားသည်။

ထိုသို့ ကမ္ဘာလှည့်ခရီးသွားရောက်ရှိမှုတိုးတက်နှုန်းမှာ၂၀၀၅ ခုနှစ်ပထမသုံးလတာကာလ၌ ၂၀၀၄ ခုနှစ်ကထက် ၃၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ဒုတိယ သုံးလတာကာလတွင် ၁၈ ရာခိုင်နှုန်း တိုးတက်ကာ တတိယ သုံးလတာ ကာလအတွင်း ၂၄ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း အင်တီဘီက ပြောကြားသည်။

လုံခြုံစိတ်ချရ

ယခုကဲ့သို့ တိုးတက်ခဲ့ရခြင်းမှာ နီပေါနိုင်ငံ၏ခရီးသွားလုပ်ငန်းအနေဖြင့် အရှိန်အဟုန်မြှင့် ဆွဲဆောင်နိုင်ခဲ့ခြင်း၊ ပြည်တွင်း၌ ခက်ခဲသောပြဿနာ တစ်စုံတစ်ရာမရှိခြင်း၊ ကမ္ဘာလှည့်ခရီးသည်များအတွက် လုံခြုံစိတ်ချရမှု ပိုမိုရှိခြင်းတို့ကြောင့် ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ အင်တီဘီ စီမံခန့်ခွဲရေး အကြီးအကဲ တိတ်ဘာဟာဒူရာက ပြောကြားသည်။

ပယ်ဖျက်

သို့သော်လည်း ၂၀၀၅ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလများတွင် နီပေါနိုင်ငံ၏ တောင်တက်ခရီးကြမ်းအစီအစဉ်အချို့ကို ပယ်ဖျက်ခဲ့ရကြောင်း၊ ယင်းမှာယာယီသာဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နီပေါနိုင်ငံသို့ အဓိကလာရောက်သည့် ကမ္ဘာလှည့် ခရီးသွားများမှာ ဂျာမနီ၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ ပြင်သစ်၊ ထိုင်း၊ ဗြိတိန်၊ တရုတ်နှင့် အိန္ဒိယတို့မှ ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတကာသတင်းများ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ စက်ဘီးအပိုပစ္စည်း ထုတ်လုပ်ရေးစက်ရုံတစ်ရုံ၏လုပ်ငန်းခွင်ကို ဒီဇင်ဘာ၃၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ယီမင်၌မြေပြိုကျ၊ လူ၃၀ သေဆုံး

ဆာနာ ဇန်နဝါရီ ၁

ယီမင်နိုင်ငံ၏မြို့တော် ဆင်နာအနီးကျေးရွာငယ်တစ်ရွာမှာ မြေပြိုကျမှုများကြောင့် ပျက်စီးသွားပြီး အမျိုးသမီးနှင့်ကလေးများအပါအဝင်လူ ၃၀ထက်မနည်း သေဆုံးခဲ့ပြီး ဒါဇင်ပေါင်းများစွာ ပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာလ ၂၉ ရက်တွင် ပြောကြားသည်။

တောင်ပေါ်မှ ကျောက်တုံးကျောက်ခဲများသည် ဒီဇင်ဘာလ ၂၈ ရက်က ပဲ့ဆင်းပြိုကျခဲ့ပြီး ဆာနာ၏အနောက်မြောက်ဘက် ၁၂ မိုင်ခန့်အကွာရှိ ဒိုဖဲယား ကျေးရွာအတွင်း တိုက်မိခိုက်မိကြသဖြင့် အိမ် ၂၇ လုံးပျက်စီးသွားခဲ့ကြောင်း ယီမင်အရာရှိ တစ်ဦးက ပြောကြားသည်။

ရဲတပ်ဖွဲ့က ယင်းနေရာကို ပိတ်ဆို့ဝန်းရံထားလိုက်ပြီး အသက်မသေဘဲကျန်ရစ်သူများကိုရှာဖွေလျက်ရှိသည်။

လူ ၁၀ ဦးဒဏ်ရာရရှိပြီး အချို့မှာ စိုးရိမ်ရကြောင်း၊ ၎င်းတို့ကို ဆေးရုံတင်လိုက်ကြောင်း ဆာဘာပြည်နယ် သတင်းဌာနက ကြေညာသည်။

အာရေဗီယန်ကျွန်းဆွယ်၏ တောင်ပိုင်းအငူတွင်တည်ရှိသည့် ယီမင်တွင် မြေပြိုမှုမှာ ဖြစ်တောင့်ဖြစ်ခဲဖြစ်သော်လည်း အဆိုပါ နိုင်ငံသည် ဆောင်းနှင့် နွေရာသီတွင် ရေလွှမ်းမိုးလေ့ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

မနီလာ၌ မီးလောင်မှုဖြစ်ပွား မိသားစုဝင် ၃၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရ

မနီလာ ဇန်နဝါရီ ၁

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ တွန်ဒိုအရပ်၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ ဆင်းရဲသားမိသားစု ၃၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်သွားကြောင်း ဒေသဆိုင်ရာ ရေဒီယိုက ဒီဇင်ဘာ ၃၀ ရက်၌ကြေညာသည်။

ယင်းမီးလောင်မှုဖြစ်ပွားစဉ် ကလေးတစ်ဦးနှင့် စေတနာ့ဝန်ထမ်း မီးသတ်သမားတစ်ဦးတို့ ဒဏ်ရာရရှိသွားကြောင်း အဆိုပါရေဒီယိုကြေညာချက်တွင် ဖော်ပြသည်။

မီးလောင်မှုကြောင့် အမေရိကန်ဒေါ်လာ ၅၀၀၀၀ဖိုး ဆုံးရှုံးပျက်စီးခဲ့သည်ဟုဆိုသည်။ အဆိုပါမီးမှာ တွန်ဒိုအရပ်ကျူးကျော်ရပ်ကွက်မှ ဒီဇင်ဘာ ၂၉ ရက် ညကိုးနာရီခန့်က စတင်လောင်ကျွမ်းခဲ့ကြောင်း၊ မီးတောက်များမှာ ညသန်းခေါင်ယံအထိ ရှိနေဆဲဖြစ်ကြောင်း၊ မီးညွှန့်မီးတောက်များကို ဒီဇင်ဘာ ၃၀ ရက်နံနက် ၁ နာရီမှ ထိန်းချုပ်နိုင်ခဲ့ကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

အဆိုပါ မီးလောင်ရာအရပ်သို့ ခရိုင်အားလုံးမှ မီးသတ်သမားများ လာရောက် ငြိမ်းသတ်ခဲ့ရကြောင်း၊ မီးလောင်ရခြင်းအကြောင်းကို စုံစမ်းနေဆဲဖြစ်ကြောင်း စုံစမ်းရေးမှူးများက ပြောကြားသည်။

တွန်ဒိုသည် လွန်ခဲ့သော ဆယ်စုနှစ်များက မြို့တော်မနီလာ၏ ဆင်းရဲသားအများစု လာရောက်နေထိုင်ရာ အရပ်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဗီယက်နမ်၌ တီဘီရောဂါဖြစ်ပွားသူ ၂၃၂၀၀၀ အထိ တိုးပွားများပြားလာနေ

ဟန္နိုင်း ဇန်နဝါရီ ၁

ဗီယက်နမ်နိုင်ငံသည် မကြာသေးသည့် နှစ်များက နှစ်စဉ်တီဘီရောဂါဖြစ်ပွားသူဦးရေမှာ ၂၃၂၀၀၀ ရှိလာနေကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးပြုစုစောင့်ရှောက်ရေးအဖွဲ့တစ်ဖွဲ့က ဒီဇင်ဘာ ၃၀ ရက်၌ ဆင်ဟွာသို့ပြောကြားသည်။

အောင်မြင်

ဗီယက်နမ်နိုင်ငံတွင် တီဘီရောဂါကုသမှုအောင်မြင်မှုမှာ ယခုအခါ ၉၃ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းမှာ ကမ္ဘာ့ပျမ်းမျှ တီဘီရောဂါ ကုသမှုအောင်မြင်မှုမှာ ၈၃ ရာခိုင်နှုန်းရှိ၍ ပို၍အောင်မြင်နေကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုအရ တီဘီရောဂါဖြစ်ပွားမှု ယင်းနိုင်ငံ၌ ၈၅ ရာခိုင်နှုန်းရှိကြောင်း၊ မြို့တော်ဟန္နိုင်းရှိ အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကုဆေးရုံညွှန်ကြားရေးမှူး ဒင့်ဂျ်အန်ဂေါ့စ်ဆိုင်က ပြောကြားသည်။

တိုက်တွန်း

ယင်းရောဂါထိန်းချုပ်ရန်အတွက် ဗီယက်နမ်အစိုးရက ရောဂါလက္ခဏာရှိသူများအား ဆရာဝန်များနှင့်ပြသရန်၊ နိုင်ငံတစ်ဝန်း ကုသမှုများတိုးမြှင့်ဆောင်ရွက်ရန် တိုက်တွန်းထားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၅ တွင် ယင်း၏ လူဦးရေ ၈၃ သန်းကျော်ကို တီဘီရောဂါဖြစ်ပွားမှုမှ ကင်းဝေးစေရန် ဟန့်တားကာကွယ်သွားဖို့ ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့၌ ပေါက်ကွဲမှု နှစ်ခုဖြစ်ပွား ငါးဦးသေဆုံး၊ ၁၂ ဦး ဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၁

ဘဂ္ဂဒက်မြို့လယ်တွင် ဒီဇင်ဘာ ၃၀ ရက်သောကြာနေ့က ဒုံးကျည်နှစ်ခုပေါက်ကွဲမှုကြောင့် အနည်းဆုံး လူငါးဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်အရာရှိများကပြောကြားသည်။

ပစ်ခတ်

ထိုသို့ပေါက်ကွဲမှုနှင့် ပတ်သက်၍ မော်တော်ယာဉ်နှစ်စီးပေါ်မှ ကားဗုံးများ ပေါက်ကွဲခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားခဲ့သော်လည်း နောက်ဆုံးသတင်းများအရ မော်တော်ယာဉ်နှစ်စီးပေါ်သို့ ဒုံးကျည်များကျရောက် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောကြားသည်။

ကျရောက်ပေါက်ကွဲသည့် နေရာမှာ ဘဂ္ဂဒက်မြို့မြောက်ပိုင်း သယ်ယူပို့ဆောင်ရေးဌာနတစ်ခုအနီးတွင်ဖြစ်ပွားခဲ့ကြောင်း အီရတ်အရာရှိများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ကွာလာလမ်ပူမြို့ရှိ အမေရိကန်သံရုံး ခြိမ်းခြောက်ခံရမှုကြောင့် ပိတ်လိုက်ရ

ကွာလာလမ်ပူ ဇန်နဝါရီ ၁

ကွာလာလမ်ပူမြို့ရှိ အမေရိကန်သံရုံးကို လုံခြုံရေးခြိမ်းခြောက်မှုတစ်ရပ်ဖြစ်ပွားခဲ့၍ သောကြာနေ့ ဒီဇင်ဘာ ၃၀ ရက်က ပိတ်လိုက်ရကြောင်း မလေးရှားမြို့တော်မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

မိမိတို့သည် ခြိမ်းခြောက်မှုသတင်းတစ်ရပ်ရရှိခဲ့၍ ယနေ့နံနက် ၁၁ နာရီတွင် ပိတ်ပစ်ရန် ဆုံးဖြတ်လိုက်ရကြောင်း ကက်ဟန်းတေလာက ပြောကြားသည်။

အဆိုပါ အမေရိကန်သံရုံးကို အင်္ဂါနေ့အထိတိုင်အောင် ပိတ်ထားမည် ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် တနင်္လာနေ့တွင် အမေရိကန်ပြည်ထောင်စု၌ အားလပ်ရက်ဖြစ်နေခြင်းကြောင့်ဖြစ်ကြောင်း တေလာက ပြောကြားသည်။

အဆိုပါ အမေရိကန်သံရုံးသို့ ပေးပို့သော စာအိတ်တစ်အိတ်အတွင်း၌ အဖြူရောင်အမှုန့်များ တွေ့ရှိခဲ့ပြီးနောက် ၂၀၀၄ ခုနှစ် စက်တင်ဘာလက ပိတ်ခဲ့ရကြောင်း၊ ယင်းအမှုန့်သည် နောက်ပိုင်းတွင် အဆိပ်မဟုတ်သည်ကို တွေ့ရှိရသည်ဟု ဆိုသည်။

ယခုနှစ် အောက်တိုဘာလက အဝါရောင်အဆီ ပါဝင်သောအရည်နှင့် အမှုန့်များပါသည့် စာအိတ်များကို သံရုံး ၁၂ ရုံး လက်ခံရရှိခဲ့ကြောင်း၊ ယင်းသံရုံးများမှာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ဩစတြေးလျ၊ ကနေဒါနှင့် ရုရှားသံရုံးများဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် မီးလောင်ပျက်စီးသွားသည့် မော်တော်ယာဉ်များကို ဒီဇင်ဘာ၃၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး(၂)

မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကိုလိုနီနယ်ချဲ့တို့ထံမှ ပြန်လည်ရရှိခဲ့သည်။ နယ်ချဲ့ဗြိတိသျှတို့သည် အမျိုးသားနိုင်ငံရေးခေါင်းဆောင်များ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ ညီညွတ်မှုအင်အားကြောင့် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးခဲ့ရခြင်းဖြစ်သည်။

ယင်းသို့ မတတ်သာ၍ လွတ်လပ်ရေးပေးခဲ့ရသော်ငြား မြန်မာနိုင်ငံ၏ ပြည်တွင်းရေး မတည်မငြိမ်ဖြစ်အောင် နည်းမျိုးစုံဖြင့် ခလောက်ဆန်သွားခဲ့သည်။ သွေးခွဲအုပ်ချုပ်ရေးစနစ်ဖြင့် တိုင်းရင်းသားအချင်းချင်း သံသယစိတ်ပွားအောင် ဖန်တီးထားခဲ့သည်။ နယ်ချဲ့အလိုတော်ရိနှင့် လက်ပါးစေများ မွေးမြူထားကာ နယ်ချဲ့လက်ငုတ်လုပ်ရပ်များကို ဆက်လုပ်စေခဲ့သည်။ နယ်ချဲ့အားကိုး ပုဆိန်ရိုးများဖြင့် အမျိုးသားရေးအင်အားစုများကို သပ်လျှိုဖြိုခွဲထားခဲ့သည်။

နယ်ချဲ့ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့်တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲခဲ့ရသည်။ တစ်ဦးအပေါ်တစ်ဦး မယုံကြည်စိတ်၊ သံသယစိတ်များပွားများကာ အမြင်ကျဉ်းသော လူမျိုးရေးစိတ်ဓာတ်များ ပေါ်ပေါက်လာခဲ့ရသည်။ တိုင်းရင်းသားတို့ တစ်နယ်နှင့်တစ်နယ် ကူးလူးဆက်ဆံခွင့်မရအောင် နယ်ခြားဖြတ်သန်းရေးဥပဒေ(Frontier Crossing Regulation)ကို အသုံးပြုခြင်းဖြင့်လည်း တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြန့်ပွားအောင် တားဆီးခဲ့သည်။

မြန်မာနိုင်ငံ၌ ဗြိတိသျှတို့၏ အုပ်ချုပ်ရေးအရာရှိကြီးတစ်ဦးဖြစ်ခဲ့သူ ဖာနီဗယ်ကပင် ဗြိတိသျှအုပ်ချုပ်ရေးသည် အမျိုးသားစည်းလုံးညီညွတ်ရေးကို လုံးဝအားမပေးကြောင်း၊ ကျဉ်းမြောင်းသောလူမျိုးရေးစိတ်၊ သီးခြားနေလိုသောစိတ်၊ သံသယစိတ်များ ပွားနေရန် သွေးထိုးပေးကြောင်း၊ တောင်တန်းသားတို့ကို ဗမာနှင့် ခွဲခြားရုံသာမက တောင်တန်းသားအချင်းချင်းကိုပင် လူမျိုးစုအလိုက် တသီးတခြား အကွဲကွဲအပြားပြားဖြစ်စေခဲ့ကြောင်း အတိအလင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံ၏အခြေအနေမှာ နယ်ချဲ့တို့လုပ်ကြံဖန်တီးထားရစ်ခဲ့သည့်အတိုင်း ပေါက်ကွဲလုဆဲဆဲ ယမ်းအိုးကြီးသဖွယ်ဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်လက်ကျန်နှင့် နယ်ချဲ့လက်ကျန်လက်နက် ခဲယမ်းများ ရှိနေသည်။ အယူအဆအမျိုးမျိုး၊ ဝါဒအမျိုးမျိုးကို ယုံကြည်ကိုးစားပြီး ထောင်လွှားပလွှားနေသူများလည်းရှိနေသည်။ နယ်ချဲ့အားကိုး အမျိုးသားသစ္စာဖောက်များလည်း ရှိနေသည်။ လွတ်လပ်ရေးရပြီးချိန်၌ လက်နက်ကိုင်အဖွဲ့အစည်းဟူ၍ တပ်မတော်တစ်ခုတည်းသာ ရှိရမည့်အစား နိုင်ငံရေးနှင့် လူမျိုးရေးအသင်းအဖွဲ့အမျိုးမျိုးတို့က လက်နက်များကို ပေါ်ပေါ်ထင်ထင်တစ်မျိုး၊ သိုဝှက်၍တစ်လီ ကိုယ်စီကိုင်ဆောင်ထားကြသည်။

ဤသို့ဖြင့် လွတ်လပ်ရေးရပြီးသည်နှင့် တစ်ပြိုင်နက်တည်း ပေါ်ပေါက်လာသည့် အချင်းချင်း လက်နက်စွဲကိုင် တိုက်ခိုက်မှုအန္တရာယ်ကို ရှေးဦးပထမရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ တိုင်းရင်းသားပြည်သူများမှာ လွတ်လပ်ရေးအရသာကို မခံစားကြရဘဲ စစ်ဘေးစစ်ဒဏ်ကိုသာခံခဲ့ကြရသည်။ နိုင်ငံခြားစာနယ်ဇင်းများက ရန်ကုန်အစိုးရဟု ခေါ်ခဲ့သည်အထိ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရလုနီးပါး ပြည်တွင်းစစ် ဖြစ်ပွားခဲ့သည်။ လွတ်လပ်ရေးကို ပြည်သူတို့နှင့်အတူ ရယူပေးခဲ့သော တပ်မတော်က လွတ်လပ်ရေးမဆုံးရှုံးအောင် ပြည်သူတို့နှင့် လက်တွဲပြီး ကျားကုတ်ကျားခဲ ထိန်းသိမ်းကာကွယ်ခဲ့ရသည်။

၁၉၄၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် နယ်ချဲ့လက်ပါးစေ တရုတ်ဖြူကူမင်တန်တပ်များက မြန်မာ့ပိုင်နက် နယ်မြေအတွင်းသို့ ဝင်ရောက်ကျူးကျော်လာကြပြန်သည်။ တရုတ်ဖြူကူမင်တန် တပ်များသည် ပြည်တွင်း သောင်းကျန်းသူများနှင့် ပူးပေါင်းပြီး တည်ဆဲအစိုးရကို ဖြုတ်ချရန်အထိ ကြိုးပမ်းခဲ့ကြသည်။

သီဟအောင်

တပ်မတော်သည် မြန်မာ့အချုပ်အခြာအာဏာကို ကျူးကျော်ထိပါးလာသော တရုတ်ဖြူကူမင်တန်တပ်များအား ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၄ ခုနှစ်အထိ စစ်ဆင်ရေးကြီးများ အကြိမ်ကြိမ်အဆင့်ဆင့် ဆင်နွှဲပြီး တွန်းလှန်တိုက်ထုတ်ခဲ့ရသည်။ ဤသို့ဖြင့် ပြည်ပ ကျူးကျော်မှုတစ်ရပ် အေးသွားသော်လည်း ပြည်တွင်း၌ နိုင်ငံရေးပါတီများ အာဏာလုမှုကြောင့် အကွဲအပြဲဇာတ်လမ်းက တစ်စခန်းထခဲ့ပြန်သည်။

၁၉၅၈ ခုနှစ်၌ နိုင်ငံရေးပါတီအချင်းချင်း ပါတီနိုင်ငံရေးလွန်ဆွဲပြီး အာဏာလုပွဲ ဆင်နွှဲကြသည်။ ပါတီတိုင်းလိုလို ခါးပိုက်ဆောင်တပ်များ ဖွဲ့စည်းထားရာ ရာဇဝတ်ပြစ်မှုများကို လက်ရဲဇက်ရဲ ကျူးလွန်လာကြသည်။ မြို့တွင်းတိုက်ပွဲ ဆင်နွှဲရန်အထိ ကြံစည်ကြိုးပမ်းခဲ့ကြသည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရုံမျှမက လက်နက်ကိုင်ပဋိပက္ခအထိ ဦးတည်လာသော နိုင်ငံရေးပါတီများ၏ အကွဲအပြဲဇာတ်လမ်း တစ်ခန်းရပ်စေရန်အတွက် တပ်မတော်ကပင် တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။

ကိုလိုနီခေတ်တစ်လျှောက်လုံး နယ်ချဲ့တို့ မျိုးစေ့ချသွားသည့် သွေးခွဲမှုပယောဂကို ပဒေသရာဇ်စော်ဘွားများက အဆိပ်ပင်ရေလောင်းလုပ်ခဲ့ကြပြန်သည်။ ၁၉၆၂ ခုနှစ်၌ ပြည်ထောင်စုကြီးမှ ခွဲထွက်ပြီး အချုပ်အခြာအာဏာ ဆုံးရှုံးစေမည့်အန္တရာယ် အတိအလင်း ဖြစ်ပေါ်လာသည်။ တိုင်းပြည်၌ အရေးကြုံလာတိုင်း ပြည်သူလူထုရှေ့မှ မားမားမတ်မတ်ရပ်တည်ပြီး ရင်ဆိုင်ဖြေရှင်းမြဲဖြစ်သော တပ်မတော်ကပင် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို ရယူထိန်းသိမ်း စောင့်ရှောက်ခဲ့ရသည်။

၁၉၈၈ ခုနှစ်၌ တိုင်းပြည်ပျက်လုမခန်းဖြစ်ပြီး တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုသာမက နိုင်ငံတော်၏ လုံခြုံမှုပါ စိုးရိမ်ဖွယ်ရာအခြေအနေသို့ ဆိုက်ရောက်ခဲ့ပြန်သည်။ တိုင်းဆူပြည်ဖျက် အရေးအခင်းကိုအမှီပြု၍ ပြည်ပအားကိုးပုဆိန်ရိုးများ အလျှိုလျှိုခေါင်းထောင်ထလာကြသည်။ ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ၎င်းတို့၏ ဒလန်သူလျှိုများကလည်း ဥဒဟိုဝင်ထွက်ပြီး အခါတော်ပေးခဲ့ကြသည်။ မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေကို ကျူးကျော်ထိပါးသည်အထိ ကိုလိုနီနယ်ချဲ့လက်သစ်၏ ပယောဂများ ပူးကပ်ဝင်ရောက်ခဲ့သည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိခိုက်ဆုံးရှုံးစေမည့် နယ်ချဲ့လက်သစ်နှင့် လက်ပါးစေတို့၏ အဖျက်လုပ်ရပ်ကို လက်ပိုက်ကြည့်မနေနိုင်သည့် တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရပြန်လေသည်။

မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် စပ်လျဉ်းပြီး ၂၇-၃-၁၉၉၇ ရက်နေ့၌ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အောက်ပါအတိုင်း လမ်းညွှန် မိန့်ကြားခဲ့သည်-

> **"နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောသည် အချုပ်အခြာအာဏာဖြစ်ကြောင်း၊ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာဆိုသည့် အာဏာသုံးရပ်ကို အချုပ်အခြာအာဏာဟု နားလည်ထားရမည်ဖြစ်ကြောင်း၊ ယင်းအာဏာသုံးရပ်သည် ကိုယ့်နိုင်ငံသား ကိုယ့်လူမျိုးများ၏ လက်ထဲတွင် ရှိနေရမည်ဖြစ်ကြောင်း၊ မည်သည့် တိုင်းတစ်ပါးသားများ၏ လက်ထဲကိုမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်မထားနိုင်ကြောင်း။**
>
> **"ကိုယ့်နိုင်ငံ၏အချုပ်အခြာအာဏာကိုသူတစ်ပါးကတစ်နည်းနည်းဖြင့် ဩဇာလွှမ်းမိုးနေပြီဆိုလျှင် ကိုလိုနီလက်သစ်ဝါဒအရ သွယ်ဝိုက်သောနည်းဖြင့် ကျွန်ပြုခြင်းခံနေရပြီဟု မှတ်ရမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ တပ်မတော်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အသက်နှင့်လဲ၍ ကာကွယ်သွားရမည်ဖြစ်ကြောင်း"**

ဖြင့် (၅၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ တပ်မတော်သားများအပါအဝင် တစ်တိုင်းပြည်လုံးသို့ အသိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၏ အနှစ်သာရသည် မိမိနိုင်ငံနှင့် မိမိပြည်သူများ ငြိမ်းချမ်းသာယာဝပြောရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ အမျိုးသားယဉ်ကျေးမှု သမိုင်းအစဉ်အလာ ဓလေ့ထုံးတမ်းများနှင့်အညီ လွတ်လွတ်လပ်လပ် ဖော်ဆောင်သွားနိုင်ခြင်းပင်ဖြစ်သည်။

ယနေ့ နိုင်ငံတကာကိုကြည့်လျှင် ကမ္ဘာ့အင်အားချိန်ခွင်လျှာ ပျက်ယွင်းသွားပြီး အင်အားကြီးနိုင်ငံတစ်နိုင်ငံက ဗိုလ်ကျစိုးမိုးရေးဝါဒဖြင့် ပြောင်ပြောင်တင်းတင်း ထင်ရာစိုင်းလာနေသည်ကို တွေ့ရှိနိုင်သည်။

စာမျက်နှာ ၇ ကော်လံ ၁သို့

ကမ္ဘာပေါ်တွင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု မရှိသည့်နိုင်ငံမှန်သမျှ တစ်စစီဖြိုခွဲခြင်း ခံနေကြရသည်ကို တွေ့ရှိနိုင်သည်။ မျက်မှောက်ကာလ၌ပင် ခိုင်မာသည်ဆိုသော ပြည်ထောင်စု နိုင်ငံအချို့ အချိန်တိုကာလအတွင်း ဖရိုဖရဲ ပြိုကွဲသွားပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ၊ ယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးဆုံးရှုံးခြင်းနှင့် ကြုံတွေ့နေရသည်ကို သင်ခန်းစာယူသင့်ကြသည်။

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍ

တပ်မတော်အစိုးရလက်ထက် ဆက်သွယ်ရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်

ပြည်နယ်နှင့်တိုင်းအလိုက် ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအရ လည်းကောင်း၊ တိုင်းရင်းသား ပြည်သူများ လူမှုဘဝ မြင့်မားတိုးတက်မှုအရလည်းကောင်း၊ ပြောင်းလဲတိုးတက်လာသော ဈေးကွက်စီးပွားရေးအရလည်းကောင်း လိုက်လျောညီထွေ တိုးတက်ပြောင်းလဲလာလျက်ရှိသည်။

အကောင်အထည်ဖော်

တပ်မတော်အစိုးရကနိုင်ငံအတွင်းရှိ ပြည်နယ်နှင့်တိုင်း ဒေသအားလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ဖြန့်ကြက်အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အတူ ဆက်သွယ်ရေးလုပ်ငန်းများပါ လိုက်လျောညီထွေ တိုးတက်ပြောင်းလဲ ဖြစ်ထွန်းလျက်ရှိသည်။ ထိုသို့ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှုကြောင့် ယခုအခါ နိုင်ငံတစ်ဝန်းရှိနယ်မြေဒေသအားလုံးဆက်သွယ်ပြောဆိုမှု လျင်မြန် ချောမွေ့လာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊တိုင်းရင်းသားပြည်သူများ၏လူမှုဘဝမြင့်မားတိုးတက်ရေးတို့ကို ပိုမိုအထောက်အကူပြုနေပြီဖြစ်သည်။

တပ်မတော်အစိုးရ လက်ထက် ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးတွင် ဖြန့်ကြက်ဖြစ်ထွန်းလာသော စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်း စခန်းများ တိုးတက်ဖြစ်ပေါ်လာမှုတို့ကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။

ပြည်နယ်နှင့်တိုင်းအလိုက် တိုးတက်မြင့်မားလာသော ဆက်သွယ်ရေးလုပ်ငန်း

ပြည်နယ်/တိုင်း	၁၉၈၈			၂၀၀၅			တိုးတက်မှု		
	စာတိုက်	ကြေးနန်းရုံး	တယ်လီဖုန်းစခန်း	စာတိုက်	ကြေးနန်းရုံး	တယ်လီဖုန်းစခန်း	စာတိုက်	ကြေးနန်းရုံး	တယ်လီဖုန်းစခန်း
ကချင်	၆၄	၂၀	၁၂	၇၉	၂၈	၅၆	၁၅	၈	၄၄
ကယား	၈	၃	၃	၁၃	၁၁	၁၅	၅	၄	၁၂
ကရင်	၂၇	၇	၅	၃၃	၁၃	၂၄	၆	၆	၁၉
ချင်း	၂၉	၁၁	၈	၄၅	၂၂	၂၅	၁၆	၁၁	၁၇
မွန်	၅၈	၁၆	၁၁	၆၄	၁၈	၂၉	၆	၂	၁၇
ရခိုင်	၆၁	၁၉	၁၇	၈၁	၂၅	၄၁	၂၀	၆	၂၄
ရှမ်း	၁၀၁	၃၁	၂၇	၁၅၇	၈၈	၁၂၅	၅၆	၅၇	၉၈
စစ်ကိုင်း	၁၅၇	၃၂	၂၃	၁၅၈	၄၅	၈၅	၁	၁၃	၆၂
တနင်္သာရီ	၂၉	၉	၆	၄၆	၂၀	၂၉	၁၇	၁၁	၂၃
ပဲခူး	၁၁၅	၃၃	၃၀	၁၂၄	၄၁	၁၀၆	၉	၈	၇၆
မကွေး	၁၃၂	၂၉	၂၃	၁၄၅	၃၄	၇၅	၁၃	၅	၅၂
မန္တလေး	၁၄၀	၃၇	၂၇	၁၄၈	၄၇	၇၀	၈	၁၀	၄၃
ရန်ကုန်	၆၈	၃၂	၂၂	၁၀၃	၅၁	၇၉	၃၅	၁၉	၅၇
ဧရာဝတီ	၁၂၄	၃၁	၃၁	၁၄၂	၄၂	၉၄	၁၈	၁၁	၆၃

နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်လာမှု၏ အကျိုးရလဒ်ကြောင့် ကျောက်တော်မြို့နယ်ရှိ အပေါက်ဝကျေးရွာ၌ ကျေးလက် တယ်လီဖုန်းဖြင့် ဒေသခံပြည်သူများ ဆက်သွယ်ပြောဆိုနေမှုကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း- မြန်မာ့အလင်း)

လွတ်လပ်ရေးနှင့် ဒို့တာဝန်

ဒို့လွတ်လပ်ပြီ၊ ဆိုလေသည်နှင့်
ဒို့ပြည်နိုင်ငံ၊ မြဲခိုင်တည်တံ့
နေတော့အံ့ဟု၊ မခန့်အတွေး
အလေးမထား၊ သင်နေငြားက
တစ်ပါးနှောင့်ယှက်၊ သင့်ပြည်ဖျက်မည့်
ကျင့်ပျက်ပုဆိန်ရိုး၊ အဆိုးမြင်တို့ရန်
တွန်းလှန်ဖို့ရေး၊ ကျန်နေသေးသည်
လေးထားဂရု အစဉ်သတိပြု။

လွတ်လပ်ပြီးခါ၊ ကာလရှည်ကြာ
ရှိခဲ့ပါလည်း၊ စည်းလုံးညီမှု
အလေးမပြုက၊ တစ်ခဏတွင်
ပြည်ပနယ်ချဲ့၊ စွက်ဖက်ခဲ့မှု
သင့်ရဲ့နိုင်ငံ၊ သြဇာခံဖြစ်ဖို့
သူတို့ကြံတွေး၊ လုပ်မည့်ရေးကို
လေးထားဂရု အစဉ်သတိပြု။

အချုပ်အခြာ၊ ပြည့်အာဏာသည်
ကြာရှည်တည်ရေး၊ အလေးပေးထား
တိုင်းရင်းသားချင်း၊ အကြားမထင်
အစဉ်ချစ်ကြည်၊ စည်းလုံးညီရေး
ဒို့သွေးသားတို့၊ မြဲစို့လက်တွဲ
မပြိုကွဲရေး၊ အရေးသုံးပါး
လေးထားဂရု အစဉ်သတိပြု။

လမ်းစဉ်ခုနစ်ရပ်၊ ချမှတ်ရှေ့ခရီး
ဖွဲ့စည်းပုံဥပဒေသစ်၊ ဖြစ်ပေါ်လာရေး
စဉ်တွေးရှေးရှု၊ ပြည်ထောင်စုစိတ်
မျိုးချစ်စိတ်တို့၊ တစ်စိတ်တစ်ဝမ်း
ညီစတမ်းနော်၊ စည်းကမ်းပြည့်စေ
ဒီမိုကရေစီ၊ ပြည်သစ်တည်ဖို့
တူညီကြိုးစား၊ တိုင်းရင်းသားအားလုံး
ပေါင်းရုံးကြိုးပမ်း၊ ရွှေခရီးလမ်းဆီ
တွဲလက်ညီထား၊ အမျိုးသားရေး
လေးထားဆောင်ရွက်၊ ဦးတည်ချက်ဖြင့်
ချီတက်ကြမည်၊ ဓိဋ္ဌာန်တည်လို့
စည်းလုံးချစ်ကြည် နိုင်ငံတော်သစ်ဆီသို့။ ။

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုလျက်.....

ဖိုးရန်နိုင်(ကျောက်ကြီး)

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

မြန်မာနိုင်ငံ တည်ရှိနေသည့် ပထဝီနိုင်ငံရေး အနေအထားအရလည်းကောင်း၊ ကမ္ဘာ့အင်အားချိန်ခွင်လျှာ တစ်ဖက်စောင်းနင်း ဖြစ်သွားပြီး နိုင်ငံငယ်များအပေါ် ဗိုလ်ကျစိုးမိုးလာသည့် နိုင်ငံတကာရေးရာ အပြောင်းအလဲများကြောင့်လည်းကောင်း မိမိတို့မြန်မာနိုင်ငံ၏ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားများကို ပိုမိုခိုင်မာတောင့်တင်းအောင် တည်ဆောက်သွားကြရန် လိုအပ်သည်။

အလားတူပင် တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ် ပြောင်းလဲနေသည့်ကာလ၌ ပြည်ပမှ သွတ်သွင်းချင်းနင်းလာသည့် အတွေးအခေါ်အယူအဆများ၊ စွက်ဖက်လွှမ်းမိုးမှုများကို မတားဆီးနိုင်ပါက နိုင်ငံတော်အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားနိုင်သည်အထိ အန္တရာယ်ကြီးမားကြောင်း ကြိုတင်မြော်တွေးထားကြရပေမည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါများကြွယ်ဝပါလျက် နယ်ချဲ့၏ အမြတ်ထုတ်ကုပ်သွေးစုပ်မှု ကြောင့်လည်းကောင်း၊ နယ်ချဲ့၏ ပယောဂကြောင့် ပေါ်ပေါက်ခဲ့သည့် လက်နက်ကိုင် ဆူပူမှုများကြောင့်လည်းကောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇောက်ချ၍ မဆောင်ရွက်နိုင်ဘဲ တခြားနိုင်ငံများထက် နောက်ကျ၍ ကျန်ရစ်ခဲ့ရသည်။ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်သည့် သမိုင်းကြွေးကို ပြန်ဆပ်နိုင်ရန်အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် ကိုလိုနီနယ်ချဲ့လက်သစ်များ၏ ပရိယာယ်နှင့်ပယောဂများကို ဖယ်ရှားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ရေပက်မဝင်သော အမျိုးသားစည်းလုံးညီညွတ်မှု အုတ်မြစ်ဖြင့် အခိုင်အမာတည်ဆောက်သွားကြရမည် ဖြစ်သည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့် လွတ်လပ်ရေးထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု သမိုင်းပေးတာဝန်ကို ကျေပွန်ခဲ့ကြသည့်နည်းတူ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရေးဟူသည့် သမိုင်းပေးတာဝန်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်နိုင်စွမ်းရှိသူများ ဖြစ်သည်။

ယနေ့ကာလ၌ မြန်မာနိုင်ငံ၏ အခြေအနေ၊ မြန်မာလူမျိုးတို့၏ သမိုင်းအစဉ်အလာကို နားမလည်ဘဲ မြန်မာနိုင်ငံအား စိုးမိုးခြယ်လှယ်ပြီး ရပ်သေးရပ်သဖွယ် ကြိုးကိုင်အသုံးချရန် ကြိုးပမ်းနေသည့် နိုင်ငံကြီးအချို့ ရှိနေသည်ကိုလည်း အထူးသတိပြုကြရန် လိုအပ်သည်။ မြန်မာနိုင်ငံကို ရပ်သေးရုပ်နိုင်ငံ၊ ကျွန်နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် တိုင်းရင်းသားပြည်သူတို့က အသက်သွေးချွေး မြောက်မြားစွာ ပေးဆပ်ရင်းနှီးခဲ့ကြရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသည် နယ်ချဲ့သြဇာခံနိုင်ငံ၊ အခြွေအရံနိုင်ငံမဖြစ်ရေး ကြိုးပမ်းမှုကြီးဖြစ်သည်။

ကမ္ဘာပေါ်တွင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုမရှိသည့် နိုင်ငံမှန်သမျှ တစ်စစီ ဖြိုခွဲခြင်းခံနေကြရသည်ကို တွေ့ရှိနိုင်သည်။ မျက်မှောက်ကာလ၌ပင် ခိုင်မာသည်ဆိုသော ပြည်ထောင်စုနိုင်ငံ အချို့ အချိန်တိုကာလအတွင်း ဖရိုဖရဲပြိုကွဲသွားပြီး ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးခြင်းနှင့် ကြုံတွေ့နေရသည်ကို သင်ခန်းစာယူသင့်ကြသည်။

အတိတ်ကာလက အကြောင်းအမျိုးမျိုးကြောင့် သံသယပွားပြီး ဆန့်ကျင်ခြားနားခဲ့ကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များသည်ပင် ကိုလိုနီနယ်ချဲ့တို့၏ ပယောဂကြောင့် သွေးကွဲခဲ့ရသည်ကို သင်ခန်းစာယူပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ကာ ပြည်ထောင်စုအကျိုးကို လက်တွေ့သယ်ပိုးထမ်းဆောင်နေကြလေပြီ။

ထို့ကြောင့် မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တစ်အူထုံ့ဆင်း သွေးရင်းသားရင်းများပီပီ ရေကိုသား၍ အကြားမထင်သည့် စည်းလုံးညီညွတ်မှုရှိရန်လိုအပ်သည်။ နယ်ချဲ့၏ ဆိုးမွေဖြစ်သည့် အမြင်ကျဉ်းမြောင်းသော လူမျိုးစွဲအယူအဆများ ကင်းစင်ပပျောက်သွားသည်နှင့်အမျှ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲပြီး ငြိမ်းချမ်းသာယာဝပြောမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုရလဒ်ကို ပိုမိုရရှိခံစားနိုင်ကြမည်မှာ အမှန်ပင်ဖြစ်သည်။

မိမိတို့နိုင်ငံသည် သယံဇာတ သဘာဝအခြေခံကောင်းသောနိုင်ငံ၊ သမိုင်းအစဉ်အလာနှင့် ယဉ်ကျေးမှုမြင့်မားသော နိုင်ငံဖြစ်သည်။ မိမိတို့လူမျိုးသည် အမျိုးကိုချစ်သော၊ အမျိုးဂုဏ်ဇာတိဂုဏ်ကိုထိန်းသိမ်း မြှင့်တင်နိုင်သော အမျိုးသားရေး စရိုက်လက္ခဏာကောင်းများနှင့် ပြည့်စုံသော လူမျိုးဖြစ်သည်။

နည်းပညာ၊ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုကြောင့် တစ်ကမ္ဘာလုံး ဆက်စပ်လွှမ်းခြုံနေသည့် ယနေ့ကာလတွင် မိမိတို့၏ အမျိုးသားရေးဘဝ ရပ်တည်နိုင်မှုကို ခေတ်နှင့်အညီ ပိုမိုကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ မိမိတို့၏ အမျိုးသားအကျိုးစီးပွား ပိုမိုခိုင်မာတောင့်တင်းအောင် ကြိုးပမ်းကြရမည်။

မြန်မာနိုင်ငံသည် စီးပွားရေးအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်နေသော်လည်း ဇာတိနှင့်အစဉ်အလာ မြင့်မားသောနိုင်ငံဖြစ်ရာ ခေတ်နှင့်အညီ ရင်ပေါင်တန်းပြီး နိုင်ငံနှင့်လူမျိုး အဆင့်အတန်းမြင့်မားတိုးတက်အောင် အားထုတ်ကြိုးပမ်းနိုင်သည့် စွမ်းရည်သတ္တိရှိသော နိုင်ငံဖြစ်သည်။

အမျိုးဂုဏ် ဇာတိဂုဏ် ထိန်းသိမ်းမြှင့်တင်နိုင်ခြင်း၊ စည်းလုံးညီညွတ်ခြင်းဟူသည့် သမိုင်းအစဉ်အလာကောင်းများနှင့်အညီ အေးချမ်းတည်ငြိမ်စွာဖြင့်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အနှောင့်အယှက်ကင်းစွာဖြင့်လည်းကောင်း၊ နိုင်ငံသားတို့၏ ပညာရည်နိုးကြား မြင့်မားမှုဖြင့်လည်းကောင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို အားကြိုးမာန်တက် ထက်ထက်မြက်မြက် တည်ဆောက်နိုင်သည်နှင့်အမျှ မဝေးလှသောကာလ၌ မြန်မာနိုင်ငံသည် အာရှထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်လာမည်မှာ သေချာနေပေသည်။

သို့ဖြစ်ရာ မိမိနိုင်ငံနှင့် မိမိလူမျိုး၏ အကျိုးစီးပွားကို အမှီအခိုကင်းကင်း၊ လောင်းရိပ်ရှင်းရှင်းဖြင့် လွတ်လပ်စွာ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဆက်လက်တညီ၊ တစီတလျဉ်၊ သားစဉ်မြေးဆက် ပြောထုံးဖြစ်အောင် စွမ်းဆောင်သွားကြရန် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

● *ကျောဖုံးမှ*

လွယ်ကူစွာကူးသန်းသွားလာနိုင်

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ ယခု ဖွင့်လှစ်သည့် ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းကြီးကို ၁၉၉၂ခုနှစ်ခန့်က စတင်ဖောက်လုပ်ခဲ့ပြီး နမ့်စန်-မိုးနဲ အပိုင်း၊ ဖာမွန်း-ဘန်းယဉ် အပိုင်း၊ တောင်ကြီး-ဖာမွန်းအပိုင်း၊ ရွှေညောင်-တောင်ကြီးအပိုင်း၊ ဘန်းယဉ်-ဆိုက်ခေါင် အပိုင်း၊ ဆိုက်ခေါင်-ပွန်ချောင်း အပိုင်း၊ နမ့်စန်-ကောင်ဆိုင်းအပိုင်းတို့ကို အပိုင်းလိုက် ဖောက်လုပ်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ယနေ့ နောက်ဆုံးကျန်ရှိသည့် ပွန်ချောင်း-ကောင်ဆိုင်းအပိုင်းကို တည်ဆောက်ပြီးစီးပြီဖြစ်သည့်အတွက် ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းကြီးသည် တိုင်းရင်းသားချစ်ကြည်ရင်းနှီးရေး ရထားလမ်းကြီးအဖြစ် ပီပြင်စွာ ပေါ်ထွက်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရထားလမ်းဖြတ်သန်းရာ ရွှေညောင်၊ တောင်ကြီး၊ ဟိုပုန်း၊ ဆီဆိုင်၊ လွိုင်လင်၊ နမ့်စန်၊ မိုးနဲမြို့နယ်များရှိ ကျေးရွာပေါင်း ၁၃၆၀ ကျော်မှ ရှမ်း၊ ဗမာ၊ ပအိုဝ်း၊ ပလောင်၊ အင်းသား၊ ခနု၊ လားဟူ၊ လီဆူး စသည့် တိုင်းရင်းသားပြည်သူ ခုနစ်သိန်းနီးပါးခန့်သည် ကားလမ်းနှင့်သာမက ရထားလမ်းဖြင့်ပါ လွယ်ကူစွာ အပြန်အလှန် ကူးသန်းသွားလာ ဆက်ဆံနိုင်ကြပြီဖြစ်ကြောင်း။

ရှမ်းကုန်းမြင့်ဒေသ၌ အရှည် ၁၉၇ မိုင်ကျော်ရှိသည့်အနက် ရထားလမ်းကြီးကို တောတောင်လျှိုမြောင်များ ဖြတ်သန်းပြီး ခက်ခက်ခဲခဲ ဖောက်လုပ်ခဲ့ရာ၌ တပ်မတော်သားများ၏ လုပ်အားကို အဓိကအရင်းခံပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ ပညာရှင်များ၊ ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှု၊ ဒေသခံပြည်သူများ၏ စောင့်ရှောက်မှုတို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ သာမန်အားထုတ်မှုမျိုးဖြင့်မဟုတ်ဘဲ မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ခက်ခက်ခဲခဲ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြရခြင်း ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်မှုလမ်းကြောင်းကိုကြည့်လျှင် မြောက်မှတောင်ကို စီးဆင်းနေသည့် ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်း၊ သံလွင် မြစ်ကြီးလေးသွယ်နှင့် အနောက်ရိုးမ၊ အလယ်ရိုးမ၊ အရှေ့ရိုးမ စသည့် တောင်တန်းများအကြား အလိုက်သင့်၊ အလျားသင့် ဆက်စပ်တည်နေခြင်းဖြစ်ကြောင်း၊ ကားလမ်းများ၊ ရထားလမ်းများသည် တောင်နှင့်မြောက် အဓိကဆက်သွယ်သည့် လမ်းများသာဖြစ်ပြီး အရှေ့နှင့်အနောက် ဆက်သွယ်သည့် လမ်းကြောင်းသည် အနည်းစုသာဖြစ်ကြောင်း တွေ့ရမှာဖြစ်ကြောင်း၊ အရှေ့နှင့်အနောက်အကြား ကန့်လန့်ဖြတ်စီးဆင်းနေသည့် မြစ်များကို ကျော်ဖြတ်နိုင်သည့် တံတားဆိုလျှင် ထင်ထင်ရှားရှားအနေဖြင့် ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတားဟောင်းတစ်စင်းနှင့် စစ်တောင်းမြစ်ကူး တံတားဟောင်း တစ်စင်းသာ ရှိခဲ့ကြောင်း။

အပင်ပန်းခံ ကြိုးစားစီမံဆောင်ရွက်ခဲ့

မိမိတို့တပ်မတော်အစိုးရလက်ထက်တွင် ပြည်နယ်၊ တိုင်းများ၏ ရေကြော၊ မြေကြောများကို တစ်ဆက်တစ်စပ်တည်း ဖြစ်လာစေရန်၊ တိုင်းရင်းသားအချင်းချင်း အထိအတွေ့ အဆက်အဆံ ပိုမိုများပြားလာစေရန်တို့အတွက် လမ်းတံတား အခြေခံများကို ဖိဖိစီးစီး တိုးချဲ့တည်ဆောက်ခဲ့ကြောင်း၊ ပြည်ထောင်စုကြီး၏ အရှေ့ဖျားမှ အနောက်ဖျား၊ မြောက်ဖျားမှ တောင်ဖျား ဒေါင်လိုက်ဖြစ်စေ၊အလျားလိုက်ဖြစ်စေ သွားလာ၍ရအောင် အပင်ပန်းခံ ကြိုးစားစီမံဆောင်ရွက်ခဲ့ကြောင်း။

ရခိုင်ပြည်နယ် စစ်တွေမြို့မှ ရန်ကုန်၊ မန္တလေးသို့လာနိုင်ရန် အမ်း ကုန်းလမ်းကြောင်း၊ ကျောက်ဖြူမြို့မှ ရန်ကုန်၊ ပုသိမ်ဘက်သို့ သွားနိုင်ရန် တောင်ကုတ်လမ်းကြောင်းတို့ကို ရခိုင်ပြည်နယ် အတွင်းပိုင်းဒေသများနှင့် ထိထိမိမိ ဆက်စပ်ပေးလိုက်ပြီ ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်၏ သွားရေးလာရေးသည် လွယ်ကူသွားပြီဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်အတွက်ဆိုလျှင် မြေပြန့်ဒေသမှ ပြည်နယ်အတွင်းဝင်ရောက်လာသည့် မန္တလေး-နောင်ချို-လားရှိုး-မူဆယ်လမ်းနှင့် မိတ္ထီလာ-သာစည်-ရွှေညောင်-တောင်ကြီး-လွိုင်လင်-နမ့်စန်-ကျိုင်းတုံလမ်းတို့ကို ပြည်ထောင်စုလမ်းမကြီးများအဖြစ် ပီပြင်စွာ အဆင့်မြှင့်ပေးလျက်ရှိကြောင်း၊ ထို့အပြင် အဝင်အထွက် ဖြတ်လမ်းအသစ်များအဖြစ် ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံ-အောင်ပန်းလမ်း၊ ပျဉ်းမနား-ပင်လောင်းလမ်း၊ ရပ်စောက်-ကျောက်ဂူ-နောင်ချိုလမ်းနှင့် သီပေါ-နမ့်လန်-ပန်ကေတု-လွိုင်လင်လမ်းသစ်များကို ကတ္တရာလမ်းသစ်များအဖြစ် ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ပိုမိုချောမောပြေပြစ်စွာသွားလာနိုင်

ထို့အပြင် သံလွင်မြစ်ကိုကူးသည့် တံတားသစ်များအဖြစ် တာကော်အက်တံတား၊ တာဆန်းတံတားနှင့် တာပါးတံတားတို့ကို ရှမ်းပြည်နယ်အတွင်း၌ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီဖြစ်သည့်အတွက် တန့်ယန်း-ပန်ဆန်းလမ်း၊ မိုင်းပန်-တာဆန်း-မိုင်းတုံလမ်း၊ တာမိုးညဲ-မုန်းစီး-တာရွှေထန်လမ်းအတိုင်း ပြည်သူအများ ပိုမိုချောမောပြေပြစ်စွာ သွားလာနိုင်ပြီဖြစ်ကြောင်း။

ရှမ်းပြည်နယ်၌ ကားလမ်းသစ်များအပြင် ယခုကဲ့သို့ ရထားလမ်းသစ်များကိုလည်း တိုးချဲ့ဖောက်လုပ်ခဲ့သည့်အတွက် အောင်ပန်း-ပင်လောင်း-လွိုင်ကော်ရထားလမ်း၊ ရွှေညောင်-ရပ်စောက်ရထားလမ်းနှင့် ယနေ့ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းများ ပေါ်ထွက်လာခဲ့ပြီ ဖြစ်ကြောင်း။

ထိုနည်းတူစွာပင် ကချင်ပြည်နယ်တိုးတက်ရေးအတွက် ရွှေဘို-မြစ်ကြီးနားလမ်း၊ မန္တလေး-သပိတ်ကျင်း-တကောင်း-ဗန်းမော်လမ်း၊ မြစ်ကြီးနား-ပူတာအိုလမ်းတို့ကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စုလမ်းမသစ်ကြီး

ထို့အပြင် ပြည်ထောင်စုကြီး၏ တောင်ဘက်ဖျား တနင်္သာရီတိုင်းနှင့် ကျန်ပြည်နယ်၊ တိုင်းများ ဆက်စပ်လာစေရန် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းပြည်ထောင်စုလမ်းမသစ်ကြီးကိုလည်း မြစ်ကူး၊ ချောင်းကူး တံတားကြီးများနှင့်အတူ တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း။

ထို့အတူ တာချီလိတ်လေဆိပ်၊ ကျိုင်းတုံလေဆိပ်၊ ဟဲဟိုးလေဆိပ်၊ နမ့်စန်လေဆိပ်၊ လားရှိုးလေဆိပ်တို့ကိုလည်း တိုးချဲ့ပြုပြင်ခဲ့ပြီး ဖြစ်ကြောင်း။

ခြုံငုံပြောရလျှင် မိမိတို့တပ်မတော်အစိုးရလက်ထက်ကျမှပင် ရှမ်းပြည်နယ်အတွင်း၌ ကားလမ်း၊ ရထားလမ်း၊ လေကြောင်းလမ်းစသည့် လမ်းပန်းဆက်သွယ်သွားလာမှု အခြေခံကောင်းများထူထောင်နိုင်ပြီး တောင့်တင်းခိုင်မာသည့် လမ်းပန်းဆက်သွယ်သွားလာမှုကွန်ရက်သည် ပုံပေါ်လာပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ ရှမ်းပြည်နယ်မှာသာမက ပြည်ထောင်စုတစ်ဝန်းလုံး လမ်းပန်းဆက်သွယ်မှုအခြေခံများကို လက်ယှက်ထိုး

ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ လမ်းပိုင်းရှိ ပွန်ချောင်းတံတားပေါ်၌ ရထားစမ်းသပ်မောင်းနှင်ခဲ့စဉ်က ဤသို့ တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အနာဂတ်နိုင်ငံတော်သစ်ထူထောင်ရေးအတွက် ပြည်ထောင်စုကြီး၏နယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာချမှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ

တည်ဆောက်ထူထောင်ခဲ့သည့်အတွက် ကားလမ်းအနေဖြင့် ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်း လမ်းမိုင်စုစုပေါင်း၅၇၁၀၀ကျော်အထိ ဖြစ်ပေါ်နေပြီး ဧရာဝတီမြစ်ကူးတံတားသစ်ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားသစ်နှစ်စင်း၊ သံလွင်မြစ်ကူးတံတားသစ်ငါးစင်း၊ စစ်တောင်းမြစ်ကူးတံတားသစ်တစ်စင်းအပါအဝင် တံတားကြီးစာရင်းဝင် တံတားပေါင်း အစင်း၂၁၀ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးအပိုင်းတွင်လည်း ရထားလမ်းသစ်မိုင်ပေါင်း၁၁၀၀ ကျော် တိုးချဲ့ဖောက်လုပ်ပြီး ပြည်သူများအား သယ်ယူပို့ဆောင်ပေးနေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်မှရထားလမ်းများအပြင် မြေပြန့်၌လည်း ရိုးမပတ်ရထားလမ်း၊ ရေး-ထားဝယ်ရထားလမ်းတို့သည် ခရီးလမ်းကြောင်းအသစ်များအဖြစ် တည်ရှိနေပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးသည် ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း။

မဟာဗျူဟာချမှတ်ဆောင်ရွက်

အနာဂတ်နိုင်ငံတော်သစ်ထူထောင်ရေးအတွက် ယခုကတည်းကပင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာချမှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ဤမဟာဗျူဟာကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး၂၄ခုစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တို့ကို ချမှတ်အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း၊ ဤဖွံ့ဖြိုးရေးစီမံကိန်းများသည် ပြည်ထောင်စုကြီးတစ်ရပ်လုံးအတွက် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ကွက်ကြားလစ်ဟာခြင်းမရှိစေဘဲ ကွက်ပြည့်တစ်ပြိုင်တည်း ထူထောင်ပေးလျက်ရှိကြောင်း။

တိုင်း ခုနစ်တိုင်း၊ ပြည်နယ် ခုနစ်ပြည်နယ်တို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ရှမ်းပြည်နယ်သည် ပြည်နယ်များအနက် ဧရိယာအကျယ်ဆုံး၊ လူဦးရေအများဆုံး ပြည်နယ်ကြီးဖြစ်ကြောင်း၊ ပြည်နယ်အတွင်းတွင် ရှမ်း၊ ဗမာ၊ ပအိုဝ်း၊ ပလောင်၊ ကချင်၊ အင်းသား၊ ဓနု၊ ကိုးကန့်၊ 'ဝ'၊ လားဟူ၊ ကော်၊ ပဒေါင်၊ တောင်ရိုး၊ ဂုံ၊ မြောင်ဇီး၊ လီဆူး၊ တိုင်းလွယ်၊ ယင်းကြား၊ ယင်းနက်၊ ယွန်းစသည့် တိုင်းရင်းသား လူမျိုး ၄၀ကျော်ခန့် အတူ ပူးပေါင်းနေထိုင်လျက် ရှိကြောင်း။

များပြားစုံလင်သည့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေကောင်းမွန်ရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးရေးတို့ကို ဗြိတိသျှကိုလိုနီစနစ်က ဥပေက္ခာပြုခဲ့သည့်နည်းတူ ပဒေသရာဇ်စနစ်နှင့် ပါလီမန်ဒီမိုကရေစီစနစ်တို့ကလည်း တာဝန်ကျေပွန်စွာ အကောင်အထည်မဖော်နိုင်ခဲ့ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ဤသို့သော အခြေအနေ အမျိုးအစားစုံလင်သည့် သောင်းကျန်းမှုမျိုးစုံဖြင့် ပေါင်းစပ်မိပြီး ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အလှမ်းဝေးခဲ့ရကြောင်း၊ အချည်းနှီး၊ အလဟဿဖြစ်ခဲ့ရသည့်နှစ်များ ရှည်ကြာခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုများနှင့်အညီ တောင်ကြီးဒေသအပြင် လားရှိုးဒေသ၊ ကျိုင်းတုံဒေသတို့ကို နိုင်ငံတော်၏ဖွံ့ဖြိုးရေးဒေသများအဖြစ် သတ်မှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် တောင်ကြီးဒေသနှင့်ယှဉ်တွဲပြီး ဤဒေသများသည် မျှမျှတတ တစ်ပြိုင်တည်းဖွံ့ဖြိုးလာနေပြီဖြစ်ကြောင်း၊ ပြည်နယ်၏မြို့တော် တောင်ကြီးမြို့သည် ပန်းမြို့တော်အဖြစ် လှလှပပ တိုးတက်လာနေသကဲ့သို့ လားရှိုးမြို့သည်လည်း ကုန်စည်ရောင်းဝယ်မှုလုပ်ငန်းများဖြင့် စည်ကားဖွံ့ဖြိုးနေခြင်းဖြစ်ကြောင်း၊ ထို့အတူ ကျိုင်းတုံမြို့သည်လည်း သံလွင်မြစ်၏ အရှေ့ခြမ်းမြို့တော်အဖြစ် အဆင့်အတန်းရှိရှိ တိုးတက်လာနေခြင်းဖြစ်ကြောင်း။ ***စာမျက်နှာ ၁၀ ကော်လံ ၁***

လမ်းပန်းဆက်သွယ်မှုအခြေခံများ လက်ယက်ထိုးတည်ဆောက်နိုင်

- ❑ နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ရှမ်းပြည်နယ်မှသာမက ပြည်ထောင်စုတစ်ဝန်းလုံး လမ်းပန်းဆက်သွယ်မှု အခြေခံများကို လက်ယက်ထိုးတည်ဆောက်ထူထောင်နိုင်ခဲ့သည့်အတွက် ကားလမ်းအနေဖြင့် ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်း လမ်းမိုင် စုစုပေါင်း ၅၇၁၀၀ ကျော်အထိ ဖြစ်ပေါ်နေပြီး ဧရာဝတီမြစ်ကူးတံတားသစ် ခုနစ်စင်း၊ ချင်းတွင်း မြစ်ကူးတံတားသစ် နှစ်စင်း၊ သံလွင်မြစ်ကူးတံတားသစ်ငါးစင်း၊ စစ်တောင်းမြစ်ကူးတံတားသစ်တစ်စင်း အပါအဝင် တံတားကြီးစာရင်းဝင် တံတားပေါင်း အစင်း ၂၁၀ တည်ဆောက်ပေးခဲ့။
- ❑ ရထားပို့ဆောင်ရေးအပိုင်းတွင်လည်း ရထားလမ်းသစ်မိုင်ပေါင်း ၁၁၀၀ ကျော် တိုးချဲ့ဖောက်လုပ်ပြီး ပြည်သူများအား သယ်ယူပို့ဆောင်ပေးနေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်မှ ရထားလမ်းများအပြင် မြေပြန့်၌လည်း ရိုးမပတ်ရထားလမ်း၊ ရေး-ထားဝယ် ရထားလမ်းတို့သည် ခရီးလမ်းကြောင်းအသစ်များအဖြစ် တည်ရှိနေပြီ။

ရှမ်းပြည်နယ်(တောင်ပိုင်း)
ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ဖောက်လုပ်ပြီးစီးခဲ့သော ရထားလမ်းပိုင်းများ

စဉ်	ရထားလမ်းပိုင်း	လမ်းအရှည်(မိုင်)	ဖွင့်လှစ်သည့်နေ့
၁	**ရွှေညောင်မှ ပွန်ချောင်းအထိအခြမ်း**		
	- ရွှေညောင်-တောင်ကြီးရထားလမ်း	၂၀ ဒသမ ၈၁	၂၄-၁၂-၁၉၉၇
	- တောင်ကြီး-ဖာမွန်း ရထားလမ်း	၆ ဒသမ ၂	၂၇-၇-၁၉၉၆
	- ဖာမွန်း-ဘန်းယဉ် ရထားလမ်း	၂၇ ဒသမ ၄၂	၄-၆-၁၉၉၆
	- ဘန်းယဉ်-ဆိုက်ခေါင် ရထားလမ်း	၇ ဒသမ ၆၃	၃၀-၄-၂၀၀၁
	- ဆိုက်ခေါင်-ပြင်သာယာ ရထားလမ်း	၁၆ ဒသမ ၈	၂၇-၃-၂၀၀၃
	- ပြင်သာယာ-ထီရိ ရထားလမ်း	၄ ဒသမ ၃	၂၁-၃-၂၀၀၄
	- ထီရိ-ပွန်ချောင်း ရထားလမ်း	၂၉ ဒသမ ၅	၂၈-၁၁-၂၀၀၄
၂	**မိုးနဲမှ ပွန်ချောင်းအထိအခြမ်း**		
	- မိုးနဲ-နမ့်စန် ရထားလမ်း	၂၇ ဒသမ ၅၆	၁-၅-၁၉၉၅
	- နမ့်စန်-မိုင်းစိတ် ရထားလမ်း	၁၉ ဒသမ ၁၉	၂၁-၇-၂၀၀၂
	- မိုင်းစိတ်-ကောင်ဆိုင်း ရထားလမ်း	၁၀ ဒသမ ၂၃	၂၀-၃-၂၀၀၄

၂၀၀၆ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျန်ရှိသော ပွန်ချောင်း-ကောင်ဆိုင်း ရထားလမ်းပိုင်းအရှည် ၂၇ ဒသမ ၅၇မိုင်ကို ဖောက်လုပ်ပြီးစီးဖွင့်လှစ်နိုင်သည့်အတွက် ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းကို တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ပြီဖြစ်သည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ရွှေညောင်-တောင်ကြီး - ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းသည် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် တောင်ဘက်ခြမ်းကျေးရွာများနှင့် လွိုင်လင်ခရိုင် တောင်ဘက်ခြမ်းကျေးရွာများ တစ်ရွာနှင့် တစ်ရွာ၊ တစ်နေရာမှ တစ်နေရာသို့ အဆင်ပြေချောမွေ့စွာ ကူးလူးဆက်သွယ်လာနိုင်ရေး၊ ဒေသ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ **"တောနှင့်မြို့ ကွာဟမှုကျဉ်းမြောင်းသွားစေရေးအတွက် ဆက်သွယ်သည့်လမ်းကြောင်းများ တိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ကြရန်၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသည့် နယ်စပ်ဒေသများ၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် စီမံချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်"** စသည့် လမ်းညွှန်ချက်များနှင့်အညီ ဖောက်လုပ်ခဲ့သည့်ရထားလမ်း ဖြစ်ကြောင်း။

ယခုဖောက်လုပ်ပြီးစီးခဲ့သော ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲရထားလမ်းတွင် ရွှေညောင်မှ ပွန်ချောင်းအထိအခြမ်း၌ ရွှေညောင်-တောင်ကြီး ရထားလမ်း၂၀ဒသမ၈၁မိုင်ကို ၂၄-၁၂-၁၉၉၇ရက်တွင် လည်းကောင်း၊ တောင်ကြီး-ဖာမွန်းရထားလမ်း ၆ဒသမ၂မိုင်ကို ၂၇-၇-၁၉၉၆ရက်တွင်လည်းကောင်း၊ ဖာမွန်း-ဘန်းယာဉ်ရထားလမ်း ၂၇ဒသမ၄၂မိုင်ကို ၄-၆-၁၉၉၆ရက်တွင်လည်းကောင်း၊ ဘန်းယဉ်-ဆိုက်ခေါင်ရထားလမ်း ၇ ဒသမ ၆၃ မိုင်ကို ၃၀-၄-၂၀၀၁ ရက်တွင်လည်းကောင်း၊ ဆိုက်ခေါင်-ပြင်သာယာ ရထားလမ်း ၁၆ဒသမ၈မိုင်ကို ၂၇-၃-၂၀၀၃ရက်တွင်လည်းကောင်း၊ ပြင်သာယာ-ထီရိရထားလမ်း ၄ဒသမ၃မိုင်ကို ၂၁-၃-၂၀၀၄ရက်တွင် လည်းကောင်း၊ ထီရိ-ပွန်ချောင်းရထားလမ်း ၂၉ ဒသမ၅မိုင်ကို ၂၈-၁၁-၂၀၀၄ရက်တွင်လည်းကောင်း၊ မိုးနဲမှ ပွန်ချောင်းအထိအခြမ်း၌ မိုးနဲ-နမ့်စန်ရထားလမ်း ၂၇ဒသမ၅၆မိုင်ကို ၁-၅-၁၉၉၅ရက်တွင်လည်းကောင်း၊ နမ့်စန်-မိုင်းစိတ်ရထားလမ်း ၁၉ဒသမ၁၉မိုင်ကို ၂၁-၇-၂၀၀၂ရက်တွင်လည်းကောင်း၊ မိုင်းစိတ်-ကောင်ဆိုင်းရထားလမ်း ၁၀ဒသမ၂၃မိုင်ကို ၂၀-၃-၂၀၀၄ ရက်တွင်လည်းကောင်း လမ်းပိုင်းအလိုက်ဖွင့်လှစ်ပေး ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့တွင်ဖွင့်လှစ်ရန်ကျန်ရှိသော ပွန်ချောင်း-ကောင်ဆိုင်း ရထားလမ်းပိုင်းအရှည် ၂၇ ဒသမ ၅၇ မိုင်ကို ဖောက်လုပ်ပြီးစီးပြီဖြစ်သည့်အတွက် ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းကို တစ်ဆက် တစ်စပ်တည်း သွားလာနိုင်တော့မှာဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အသီးသီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာ

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်နှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ယခုအခါ ပြည်ထောင်စုစိတ်ဓာတ်အခြေခံရာ ပင်လုံဒေသကိုလည်း ဖွံ့ဖြိုးရေးဒေသကြီးအဖြစ် တိုးချဲ့သတ်မှတ်ပြီး ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်ရေးတို့ကို အခြေချ လုပ်ကိုင်ပေးပြီးဖြစ်သည့်အတွက် ရှမ်းပြည်နယ်သည် ကွက်လပ်မကျန်ရလောက်အောင် ဖွံ့ဖြိုးမှုအခြေခံကောင်းများ ရရှိနေပြီဖြစ်ကြောင်း။

ကိန်းဂဏန်းစာရင်းများအရရော၊ မျက်မြင်ကိုယ်တွေ့အခြေအနေများအရပါ ရှမ်းပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာနေမှုများသည် သိသာထင်ရှားနေပြီ ဖြစ်ကြောင်း။

ယခုကဲ့သို့ တိုးတက်မြင့်မားသည့် အခြေခံကောင်းများ၊ အကျိုးသက်ရောက်မှုကောင်းများ ရရှိနေခြင်းသည် နယ်မြေဒေသတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရရှိကာ တိုင်းရင်းသားညီအစ်ကို အချင်းချင်းအပြန်အလှန်နားလည်မှု၊ ယုံကြည်မှု၊ သည်းခံခွင့်လွှတ်မှု၊ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုစသည့် အခြေခံကောင်းများကြောင့်ပင်ဖြစ်ကြောင်း၊ လက်နက်ကိုင်ဆန့်ကျင်မှုပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ လုံခြုံမှုကင်းမဲ့သည့်ပြဿနာများကြောင့် ပြည်နယ်တစ်ခုလုံး မည်မျှ မည်မျှ ခါးစည်းခံခဲ့ရသည်ကို ပြည်နယ်သူ၊ ပြည်နယ်သားများကိုယ်တွေ့ပင်ဖြစ်ကြောင်း။

အထွက်တိုးစပါးများတိုးချဲ့စိုက်ပျိုး

ထို့ကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေး၊ ပညာရည်အဆင့်အတန်းမြင့်မားရေးတို့ကို အလေးထားပိုင်းဝန်းဖော်ဆောင်ကြရန် အရေးကြီးကြောင်းကို မှာကြားလိုကြောင်း။

ရှမ်းပြည်နယ်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍအပေါ်တွင် တည်မှီနေခြင်းဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အလေးထားလုပ်ကိုင်ရင်း မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍတို့ပါ တစ်ပါတည်းတိုးတက်အောင် လုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း၊ ရှေးယခင်က ဆန်စပါးဖူလုံမှုမရှိသည့် ရှမ်းပြည်နယ်သည် ယနေ့ဒေသတွင်း ဆန်ဖူလုံမှုရရှိနေသည့် အဆင့်ကို တက်လှမ်းနေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်းဒေသအလိုက် အထွက်တိုးသည့်စပါးမျိုးများ တိုးချဲ့စိုက်ပျိုးမှုသည်လည်း အရှိန်ရနေပြီဖြစ်ကြောင်း။

ဤနေရာတွင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် လယ်ယာသုံးစက်ကိရိယာများကို များများစားစား တွင်တွင်ကျယ်ကျယ် အသုံးချနိုင်အောင် ဒီဇယ်ဆီ အစားထိုးအသုံးပြုနိုင်သည့် ဇီဝလောင်စာထုတ်လုပ်ရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း။

အမျိုးသားရေးတာဝန်

မြန်မာနိုင်ငံ၏ အခြေအနေအရ ခြံစည်းရိုးကြက်ဆူပင်များသည် မြေနေရာမရွေးရှင်သန်နိုင်ပြီး ဇီဝလောင်စာကိုထုတ်ယူနိုင်ကြောင်း ခိုင်လုံနေပြီဖြစ်သည့်အတွက် နိုင်ငံတော်အကြီးအကဲက ဇီဝလောင်စာထုတ်ယူနိုင်သည့် ကြက်ဆူပင်များကို အရှိန်အဟုန်ရှိရှိတိုးချဲ့စိုက်ပျိုးရန် ပြည်နယ်၊တိုင်းအလိုက် တာဝန်ပေးပြီးဖြစ်ကြောင်း၊ ကြက်ဆူပင်မှ လောင်စာဆီကိုရနိုင်သည့်အပြင် ကြက်ဆူကြိတ်ဖတ်များသည်လည်း နိုက်ထရိုဂျင်ပါဝင်နှုန်းများသည့်အတွက် ဓာတ်မြေဩဇာအဖြစ် ပြန်လည်အသုံးပြုနိုင်ကြောင်း၊ ထို့ကြောင့် ကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုးပြီး လယ်ယာကဏ္ဍကိုမြှင့်တင်ရင်း ဝင်ငွေတိုးပွားအောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ထပ်ဆင့်ရှင်းလင်းမှာကြားရမည်ဆိုလျှင် လူများအတွက်စားနပ်ရိက္ခာဖူလုံအောင် နယ်မြေအလိုက် ဆန်စပါးတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် စက်ယန္တရားများအတွက် ရေနံလောင်စာအစား ဇီဝလောင်စာတိုးချဲ့အသုံးပြုနိုင်အောင် ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူလုပ်ကိုင်သွားကြရန်၊ စီးပွားရေးအင်အား တောင့်တင်းအောင် ကြိုးစားကြရန်ဖြစ်ကြောင်း။

တိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်နေသည့် အခြေခံကောင်းများကို နိုင်ငံတော်အစိုးရသည် ပြည်သူများ၏အားကို ရယူပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးစားပမ်းစား တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်ကို အခြားနိုင်ငံများ၏ နောက်မြီးဆွဲဘဝမျိုး မရောက်ရအောင်၊ ကမ္ဘာတွင် ထည်ထည်ဝါဝါရပ်တည်ပြီး အခွန့်ရှည်တည်တံ့အောင်၊ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဘက်စုံမှ ဆက်လက်တည်ဆောက်၊ ကာကွယ်၊ ပံ့ဖော်သွားကြရမှာဖြစ်ကြောင်း။

ဆက်လက်တည်ဆောက်

နိဂုံးချုပ်အားဖြင့် ယနေ့ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင်-နမ့်စန်-မိုးနဲ ရထားလမ်းကြီးကို တပ်မတော်သားများ၏လုပ်အား၊ ရထားပို့ဆောင်ရေးဝန်ထမ်းများ၏စွမ်းအား၊ ဒေသခံပြည်သူများ၏ ဝိုင်းဝန်းစောင့်ရှောက်အားပေးမှုအားစသည့် ပေါင်းစုအင်အားကြောင့် အောင်အောင်မြင်မြင် ဖောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်သကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးလုပ်ငန်းကိုလည်း အမျိုးသားရေးစွမ်းအား၊ အမျိုးသားရေးအားမာန်တို့ဖြင့် ညီညီညွတ်ညွတ် ဆက်လက်တည်ဆောက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာ၌ ယနေ့ဖွင့်လှစ်သည့် ရွှေညောင်-တောင်ကြီး-

အသစ်ထပ်မံဖောက်လုပ်သည့်ရထားလမ်း

ရှမ်းပြည်နယ်အတွင်း ၁၉၈၈ခုနှစ်မတိုင်မီက ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မန္တလေး-လားရှိုးရထားလမ်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ သာစည်-ရွှေညောင် ရထားလမ်းတို့သာရှိခဲ့ကြောင်း၊ ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ရွှေညောင်-ရပ်စောက်ရထားလမ်း ၃၇ ဒသမ ၅ မိုင်ကို ၂၇-၃-၁၉၉၁ ရက်တွင်လည်းကောင်း၊ အောင်ပန်း-ပင်လောင်းရထားလမ်း ၄၈ ဒသမ ၅၈ မိုင်ကို ၇-၁-၁၉၉၃ရက်တွင် လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်ကို ဆက်သွယ်ဖောက်လုပ်ထားသော ပင်လောင်း-လွိုင်ကော် ရထားလမ်း ၅၃ ဒသမ ၃၄မိုင်ကို ၂၇-၃-၁၉၉၃ ရက်တွင်လည်းကောင်း ဖောက်လုပ်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့်ရထားလမ်းသည် ရှမ်းပြည်နယ်အတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားပြတိုက်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များ စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက်လေ့လာ ခရစ်ယာန်ဘာသာဝင် ညီလာခံကိုယ်စားလှယ်များ ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်း

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံတွင် တက်ရောက်နေကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံနားရက်ဖြစ်သည့် ယမန်နေ့(စနေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်လေ့လာကြည့်ရှုကြပြီး ယနေ့(တနင်္ဂနွေနေ့)မွန်းလွဲပိုင်းတွင် ခရစ်ယာန်ဘာသာဝင် ညီလာခံကိုယ်စားလှယ်များသည် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ဂျပ်ဆင်ဘုရားရှိခိုးကျောင်းသို့သွားရောက်၍ ဝတ်ပြုဆုတောင်းကြသည်။

တပ်မတော်စစ်သမိုင်းပြတိုက်

ရှေးဦးစွာ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိလာကြရာ တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ တပ်မတော်စစ်သမိုင်းပြတိုက် ဥပစာခန်းမ၌ တပ်မတော်စစ်သမိုင်းပြတိုက်မှ ဗိုလ်မှူးကျော်ကျော်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တပ်မတော်စစ်သမိုင်းပြတိုက်တွင် ခင်းကျင်းပြသထားသော ပြခန်းပြကွက်များနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ပြတိုက်မြေညီထပ်၌ ခင်းကျင်းပြသထားသော နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ် ပြခန်းနှင့် ပထမထပ်နှင့် ဒုတိယထပ်တို့၌ ခင်းကျင်းပြသထားသော ဝန်ကြီးဌာနပြခန်း၊ တပ်မတော်(ကြည်း၊ရေ၊လေ) ပြခန်းများ၊ တိုင်းစစ်ဌာနချုပ်၏ ပြခန်းများနှင့် ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများ၏ ပြခန်းများအား လှည့်လည်ကြည့်ရှု လေ့လာကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

အမျိုးသားပြတိုက်

ထိုမှတစ်ဆင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် နံနက် ၉နာရီ ၃၅မိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိလာကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်၊ ညွှန်ကြားရေးမှူး ဒေါ်နုမြဲနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး သီဟာသနပလ္လင်ခန်းမ၌ ညွှန်ကြားရေးမှူး ဒေါ်နုမြဲက ကြိုဆိုနှုတ်ဆက်စကားပြောကြားကာ သီဟာသနပလ္လင်နှင့် ပလ္လင်ရှစ်ခန်း ပြတိုက်တွင် ခင်းကျင်း ပြသထားသော ပြခန်းပြကွက်များနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များသည် အမျိုးသားပြတိုက်၌ ခင်းကျင်းပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာကြရာ ပြခန်းအလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ကြိုဆိုနှုတ်ဆက်

ထို့အတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ ဂျပ်ဆင်ဘုရားရှိခိုးကျောင်း (Judson Church)သို့ ရောက်ရှိကြရာ မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ် ဒုတိယဥက္ကဋ္ဌ သိက္ခာတော်ရဆရာ ဦးအာသာကိုက ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

ချီးမွမ်းပူဇော်

ထို့နောက် ဘုရားရှိခိုးခန်းမ၌ မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းချုပ်မှ သိက္ခာတော်ရဆရာ ဦးကျော်မူးက ပဏာမ ကျမ်းစာဖတ်ခြင်းနှင့် ဆုတောင်းခြင်းပြုပြီး ခရစ်ယာန်ဘာသာဝင် ညီလာခံကိုယ်စားလှယ်များက ခရစ်ယာန်ဓမ္မတေးဖြင့် ချီးမွမ်းပူဇော် ဝတ်ပြုကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကိုယ်စားလှယ်များ ကမာရွတ်မြို့နယ်ရှိ ဂျပ်ဆင်ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုဆုတောင်းကြစဉ်။ (သတင်းစဉ်)

ကံထူးရှင်များ ထွက်ပေါ်

ရန်ကုန် ဇန်နဝါရီ ၁

(၂၀၄)ကြိမ်မြောက် ကျပ်၁၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း၅၀၀အထူးဆု

ဘ-၃၀၁၀၅၇

ကျပ်သိန်း၃၀၀ဆုများ

ပ-၇၅၄၇၃၁ စ-၆၁၄၂၅၅

ကျပ်သိန်း၂၀၀ဆုများ

ဓ-၅၉၂၆၁၈ ဃ-၉၅၄၄၅၂
ထ-၆၁၉၈၀၃ ဃ-၅၂၂၀၄၇

ကျပ်သိန်း၁၀၀ဆုများ

ဌ-၇၄၄၂၄၆ ခ-၁၀၄၀၀၅
န-၁၂၆၇၈၃ ဖ-၁၈၉၅၆၃
ဆ-၄၅၉၃၅၀

ကျပ်သိန်း၁၀၀ဆု(မင်္ဂလာစုံတွဲ)

န-၉၂၂၆၁၇ ဒ-၇၆၃၉၉၁
ပ-၅၇၇၈၂၉ ဗ-၆၃၅၀၉၉
ဏ-၉၁၇၇၀၇ ပ-၅၄၅၄၉၈
ခ-၂၂၈၈၈၂ ဘ-၇၂၇၄၇၃
ဖ-၁၈၅၃၄၆ ဓ-၂၃၆၉၅၉
ဃ-၈၄၄၆၅၁ ပ-၉၃၈၇၀၉
ဏ-၆၂၁၀၉၁ ဒ-၉၁၃၆၂၃
ပ-၆၆၆၈၂၉

(သတင်းစဉ်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့တော်ဝန်ဖလားသစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့တော်ဝန်ဖလား (၁၄)ကြိမ်မြောက် သစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းဆုံရှိ မင်းဓမ္မပြပွဲပြိုင်ပွဲကွင်း၌ကျင်းပရာ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း နာယကကြီးများဖြစ်ကြသည့် ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်လေးသက်၊ ဒေါ်ခင်ခင်ဝင်းနှင့် နာယကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း အမှုဆောင်များ တက်ရောက်အားပေးကြကာ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း နာယကကြီးများက ဆုရရှိကြသူများအား ဆုများချီးမြှင့်ပေးအပ်ကြသည်။

သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားပေါင်း ၂၀တို့၌ ပြိုင်ပွဲဝင် ၄၄၅ခုတို့၏ ယှဉ်ပြိုင်ပြသထားမှု အခြေအနေများကို တာဝန်ရှိသူများက လိုက်လံအကဲဖြတ် ကြည့်ရှုစစ်ဆေးကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း နာယကကြီးများဖြစ်ကြသည့် ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်သက်ဌေး၊ ဒေါ်မေကြည်စိန်၊ ဒေါ်ခင်အေး၊ ဒေါ်ကြည်ကြည်ဝင်းနှင့် ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့က ပန်းအလှပြင်ဆင်ခြင်း၊ ပြည်တွင်းသစ်ခွ(သဇင်)၊ နှင်းဆီ၊ ပြည်တွင်းသစ်ခွ(အခြား)၊ ရွက်လှ (In Door)၊ ပန်းအလှပင်၊ ပြည်ပသစ်ခွ (ဒင်ဒရိုဘီယမ်) ရာသီပန်း၊ ပြည့်သစ်ခွ(ဗင်ဒါ)၊ ပိန်းပန်း၊ ပြည်ပသစ်ခွ(ကတ်တလီယာ)၊ ရှားစောင်းပင်၊ သစ်သီးဝလံ၊ သက်ကြီးပုပင် (ဘွန်ဆိုင်း)၊ အသီးပါ အပင်(ရာသီ)၊ အသီးပါအပင်(နှစ်ရှည်)၊ ဟင်းသီးဟင်းရွက်၊ ရွက်လှ(Out Door)၊ အုန်း၊ ထန်းနှင့် ကျောက်ခက် ပြိုင်ပွဲများမှ ဆုရရှိကြသူများအား ဆုချီးမြှင့်ပေးအပ်ကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ၂၀၀၆ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့တော်ဝန်ဖလား (၁၄)ကြိမ်မြောက် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲ တံခွန်စိုက်ဆုရ ဦးစိုးညွန့်(တော်ဝင်နှင်းဆီ)အား တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါသစ်သီးဝလံ ပန်းမန်ပြပွဲပြိုင်ပွဲတွင် သစ်သီးဝလံ ပန်းမန်အရောင်းဆိုင်များ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအရောင်းဆိုင်များ၊ စိုက်ပျိုးရေးသုံးကိရိယာအရောင်းဆိုင်များကို ပုဂ္ဂလိကပန်းခြံများ၊ ဌာနဆိုင်ရာ ပန်းခြံများမှ ဆိုင်ခန်းပေါင်း ၁၂၆ခန်း ပြသထားရှိကာ စိုက်ပျိုးရေးဝါသနာရှင် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂-၁-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၁၅ ၈။ ဂုံညင်းတန်းတံတား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Grammar made Easy
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ တေးဂီတအစီအစဉ်
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၆း၅၅ ၅။ အကပဒေသာ
၁၇း၁၀ ၆။ အတီးပြိုင်ပွဲ
၁၇း၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇း၃၀ ၈။ မြန်မာစာ မြန်မာစကား
၁၇း၄၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"** (အပိုင်း-၅၁)
၁၈း၅၅ ၁၃။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်လေ့ကား ထစ်လေးများ"** (အပိုင်း-၂၆)
၁၉း၃၅ ၁၅။ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
၁၉း၄၅ ၁၆။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရှေးရှု **"ရွှေအားကစား"**
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူလက်ဆောင်"** (အပိုင်း-၂၃)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းများ စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

ရန်ကုန် ဇန်နဝါရီ ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများ ဦးဆောင်သော ဝန်ထမ်း၁၅၀တို့သည် ဒီဇင်ဘာလ အားကစားလှုပ်ရှားမှုအဖြစ် ဒီဇင်ဘာ ၃၁ရက် နံနက် ၆နာရီက မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကမ္ဘာအေးဘုရားလမ်းအတိုင်း ကံဘဲ့ဆရာအတတ်သင်မှတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တစ်ပတ် စုပေါင်းလမ်းလျှောက်ဆင်နွှဲကြသည်။

ထို့နောက် ဒီဇင်ဘာလ အားကစားလှုပ်ရှားမှုအဖြစ် နံနက် ၇နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝင်းအတွင်း၌ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ထုပ်ဆီးတိုးနှင့် လွန်ဆွဲပွဲများကို ကျင်းပပြီး ဆုရသူများအား တာဝန်ရှိပုဂ္ဂိုလ်များက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ့ဆေးပညာနှင့်သုတေသနဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များအသင်းက ကြီးမှူး၍ ဂျပန်နိုင်ငံမှ လာရောက်သော မေ့ဆေးပညာရှင်များက မေ့ဆေးပညာနှင့် သုတေသနဆိုင်ရာ ဟောပြောပွဲကို ဇန်နဝါရီ ၃ ရက်(အင်္ဂါနေ့) မွန်းလွဲ၂နာရီမှ ၄နာရီခွဲအထိ မြန်မာနိုင်ငံ ဆရာဝန်များအသင်းတိုက်ခန်းမတွင် ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူတိုင်း တက်ရောက်နိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေး ပညာရည်အဆင့်အတန်းမြင့်မားရေး အလေးထားပိုင်းဝန်းဖော်ဆောင်

စာမျက်နှာ ၁၀ မှ

အသစ်ထပ်မံဖောက်လုပ်ပေးနိုင်ခဲ့သည့် ရထားလမ်းသစ်ကြီးတစ်ခုဟု ဆိုရမှာဖြစ်ကြောင်း၊ ဤရထားလမ်းတွင် ပွန်ချောင်းကိုဖြတ်၍ ရထားရော ကားပါ သွားလာနိုင်သည့် ပွန်ချောင်းတံတားကြီးနှင့် တံတားငယ်ပေါင်း ၅၆၁ စင်း၊ ဘူတာပေါင်း ၄၅ဘူတာတို့ကိုပါ တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ခုနှစ်မတိုင်မီက ရထားလမ်းအရှင် ၁၉၇၆ ဒသမ၃၅ မိုင်သာရှိခဲ့ရာက ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ခဲ့ရာ ယနေ့ဖွင့်လှစ်သည့် ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲရထားလမ်းအပါအဝင် ရထားလမ်းအရှည် ၁၀၉၃ ဒသမ ၆၁မိုင် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ကြောင်း၊ ယနေ့ ရထားလမ်းအရှည်စုစုပေါင်း ၃၀၆၉ ဒသမ ၉၆မိုင်ဖြင့် ပြည်သူလူထုအကျိုးကို သယ်ပိုးပေးလျက်ရှိနေပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

များအတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် ရထားလမ်းကိုအသုံးပြုပြီး ခရီးသွားလာရေးနှင့်ကုန်စည်ပို့ဆောင်ရေးများကို အလွယ်တကူ ဆောင်ရွက်နိုင်ကြပြီဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ခရိုင်များအားလုံး မီးရထားလမ်းဖြင့် တစ်ဆက်တစ်စပ်တည်းသွားလာနိုင်ပြီ ဖြစ်သကဲ့သို့ ရန်ကုန်၊ မန္တလေးမြို့ကြီးများသို့လည်း ရထားဖြင့် တိုက်ရိုက်သွားလာနိုင်ပြီဖြစ်ကြောင်း။

အလွယ်တကူသွားလာနိုင်

နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ မီးရထားလမ်းများကိုသာ တိုးချဲ့ဖောက်လုပ်နေခြင်းမဟုတ်ဘဲ လမ်းတံတားများကိုလည်း တိုးချဲ့ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိနေကြောင်း၊ ယခုဆိုလျှင် ရှမ်းပြည်နယ်တောင်ပိုင်းနှင့်မြောက်ပိုင်းကို ဆက်သွယ်ပေးထားသော ရပ်စောက်–ကျောက်ဂူ–နောင်ချိုလမ်းသစ်၊ မန္တလေးတိုင်းနှင့် ဆက်သွယ်နေသည့် ဟန်မြင့်မိုရ်–ရွာငံလမ်း၊ ပင်လောင်း–

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့် ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထားလမ်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထား လမ်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပိုမိုကောင်းမွန်လာ

ဆက်လက်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကားပြောကြားရာ၌ ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲရထားလမ်းကို ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာသကဲ့သို့ ဒေသထွက်ကုန်များ ပို့ဆောင်ရောင်းဝယ်ရာတွင်လည်း ပိုမိုလျင်မြန်လာပြီဖြစ်ကြောင်း။

ယခင်က သွားလာရန်ခက်ခဲသည့် တောင်ကြီးခရိုင်၊ လင်းခေးခရိုင်နှင့် လွိုင်လင်ခရိုင်အတွင်းရှိ တောင်ကြီး–ဆီဆိုင်–မောက်မယ်–မိုးနဲ–နမ့်စန်မြို့နယ်

ပျဉ်းမနားလမ်းတို့ကို အသုံးပြုပြီး သွားလာရေးလွယ်ကူနေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းမှ မြောက်ပိုင်းသို့ဆက်သွယ်သည့် ဟိုပုံး–မိုင်းပျဉ်း–နောင်ဝိုး–နမ့်လန်လမ်းကိုလည်း ထပ်မံဖောက်လုပ်နေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်နှင့် ဆက်စပ်လျက်ရှိသော ပြည်နယ်၊ တိုင်းများအားလုံးသို့ အလွယ်တကူ သွားလာနိုင်ပြီဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မိမိတို့ပြည်နယ်အတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက်သာမက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍအသီးသီးကိုလည်း ကွက်လပ်မကျန်ရအောင် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

တိုးချဲ့ဖွင့်လှစ်နိုင်

ယခင်ကရှမ်းပြည်နယ်(တောင်ပိုင်း)၌ရထားလမ်းအရှည် ၁၂၅ မိုင်သာရှိခဲ့ကြောင်း၊ယနေ့ကာလတွင် ရွှေညောင်–ရပ်စောက်ရထားလမ်း၊ အောင်ပန်း–

ကျေးဇူးတင်စကား ပြောကြား

ဒေသခံပြည်သူများ ကိုယ်စား နမ့်စန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးစိုင်းထွန်းအေး ကျေးဇူးတင်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ပင်လောင်းရထားလမ်း၊ ပင်လောင်း–လွိုင်ကော်ရထားလမ်း၊ ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲရထားလမ်းတို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ဤရထားလမ်းဖောက်လုပ်ရေးစီမံကိန်းအောင်အောင်မြင်မြင်ဖွင့်လှစ်လိုက်ပြီဖြစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် အမှန်တကယ်အကျိုးဖြစ်စေခဲ့ပြီဖြစ်ကြောင်း၊ ဤသည်မှာ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းသာယာမှုရှိနေ၍ ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံတိုင်းရင်းသား မိဘပြည်သူအားလုံးကလည်း ရထားလမ်းရေရှည် တည်တံ့ခိုင်မြဲစေရန်အတွက်ဆက်လက်ထိန်းသိမ်းပေးကြရန်၊ နယ်မြေအေးချမ်းသာယာမှုကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်နှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား နမ့်စန်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ဦးစိုင်းထွန်းအေးက ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထားလမ်းတည်ဆောက် ဖွင့်လှစ်ပေးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရထားလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂–၁–၂၀၀၆ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	Business Talk (ဦးမျိုးမြတ်သူ၊ ဦးစိုးမြင့်–FMI)
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	မျိုးဆက်သစ် ပန်းချီဆရာလေး ဗင်းဆင့်မင်းလွင်
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	မေးကြည့် ဖြေကြည့် ပဟေဠိ
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	မိသားစုတနင်္ဂနွေ (တိုင်းရင်းသား ကျေးရွာ)
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)၏ နဝမအကြိမ်မြောက် ဘွဲ့ယူကျောင်းသားကျောင်းသူများ၏ ပန်းချီ ပန်းပုလက်ရာမွန် ပြပွဲ
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅	မြန်မာစာ၊ မြန်မာစကား
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ချောင်းမကြီး မြို့လှရေလှောင်တမံ
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	ဗွီစီဒီမိတ်ဆက် (မျိုးကြီး–ဆန့်ကျင်ဘက်)
၁၀း၅၅	နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက် စစ်တောင်းစက္ကူစက်
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅	အာဟာရနှင့် ကျန်းမာရေး (ကျောက်ဘီလူး တင်မောင်ဆွေနှင့် တွေ့ဆုံခြင်း)
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	အမျိုးသမီးများတွင် အဖြစ်များသော ကင်ဆာရောဂါများ (သားအိမ်ခေါင်းကင်ဆာ၊ သားမြတ်ခေါ်ရင်သားကင်ဆာ)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၆း၂၅	West Brom-Aston Villa	5-Cartoons(Live)
၇း၀၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၇း၁၀	West Ham-Chelsea	5-Sports(Live)
၇း၂၅	Fulham-Sunderland	5-Movies (Live)
၉း၂၅	Bolton-Liverpool	5-Sports(Live)
	Newcastle-Middlesbrough	5-Cartoons(Live)
	Birmingham-Wigan	5-Movies (Live)
၁၁း၃၀	Everton-Charlton	5-Sports (SDD)

အသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် မင်္ဂလာအချိန် နံနက် ၉နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထားလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ဖဲကြိုးဖြတ် ဖွင့်လှစ်ပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်ရထားလမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ လိုက်ပါလျက် နမ့်စန်ဘူတာမှ ရထားစတင်ထွက်ခွာသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရထားစီး ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နမ့်စန်ဘူတာကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုလေ့လာ

နမ့်စန်ဘူတာ၌ ကျင်းပသည့် ရထားလမ်းဖွင့်ပွဲ အခမ်းအနားတွင် ဒေသခံပြည်သူများသည် ကြက်ဆူပင် လွယ်ကူစွာစိုက်ပျိုးဖြစ်ထွန်းနိုင်မှုများ၊ ကြက်ဆူဆီကို ဒီဇယ်အစားထိုး ဇီဝလောင်စာအဖြစ် အသုံးပြုနိုင်မှုများ ပြသထားသည့် ပြခန်းများကိုလည်း စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နမ့်စန်ဘူတာ၌ကျင်းပသည့် ရထားလမ်း ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ရထားလမ်းအခြေအနေ၊ ပွန်ချောင်းတံတားနှင့် တံတားကြီးများတည်ဆောက်ထားမှုတို့ကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ရထားလမ်းဖွင့်ပွဲတက်ရောက်အားပေး

ယင်းနောက် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ဘူတာသို့ ရောက်ရှိကြပြီး ဆိုက်ခေါင် ဘူတာရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပသည့် ရထားလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

အဆိုပါ ဆိုက်ခေါင်ဘူတာ၌ကျင်းပသည့် ရထားလမ်းဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်ကြီးခရိုင်နှင့် တောင်ကြီး၊ ဟိုပုံး၊ ဆီဆိုင်မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာပန်းဖွားအကအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များ တက်ရောက်ကြသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့အတွက် လမ်းပန်းဆက်သွယ်မှု အခြေခံများ တည်ဆောက်ခဲ့ပုံ၊ မော်တော်ကားလမ်းများရော ရထားလမ်းများကိုပါ တိုးချဲ့တည်ဆောက်ခဲ့ပုံ၊ ရှမ်းပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိပုံ၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရန် လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဆိုက်ခေါင်ကျေးရွာမှ ဦးခွန်အောင်ကျော်မြင့်က ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထားလမ်း ဖွင့်လှစ်ပေးခြင်းအတွက်လည်းကောင်း၊ ရထားလမ်းတည်ဆောက်ရာတွင် ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးခဲ့မှုများနှင့်စပ်လျဉ်း၍လည်းကောင်းနိုင်ငံတော်အစိုးရအားကျေးဇူးတင်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့သည် ရထားလမ်းကိုဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများနှင့်အတူ ဖွင့်ပွဲမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဒေသခံများကနှုတ်ဆက်

ထို့နောက် ဆိုက်ခေါင်ဘူတာမှ ရထားစတင်ထွက်ခွာရာ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ရထားဖြင့်လိုက်ပါကြသည့် ဒေသခံတိုင်းရင်းသားတိုင်းရင်းသူများကနှုတ်ဆက်ကြသည်။

ယင်းနောက် ရထားလမ်းဖွင့်ပွဲအခမ်းအနား နံနက်၁၁နာရီခွဲတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။ **(သတင်းစဉ်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်

ရန်ကုန် ဇန်နဝါရီ ၁

၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ (၅၈)မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော်အလံတင် အခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ နိုင်ငံတော် အလံအလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင်လည်းကောင်း ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားလေ့ကျင့်ရာသို့ ၂၀၀၆ ခုနှစ် (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ရန်ကုန်မြို့တော် နိုင်ငံတော် အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဝင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဆပ်ကော်မတီ အတွင်းရေးမှူး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ဆပ်ကော်မတီဝင်များ၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်မတော် အရာရှိကြီးများ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မြို့နယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် ရန်ကုန်မြို့တော် အလံတင်အခမ်းအနားကို ကျင်းပပြီးနောက် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ (ကြည်း၊ရေ၊လေ) ဂုဏ်ပြုတပ်ဖွဲ့နေရာယူခြင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်း၊ ဂုဏ်ပြုတပ်ဖွဲ့ ပြန်လည်ထွက်ခွာခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၁ ရက်က သာသနာ့ဟိတဝတ်အသင်း အနှစ်(၂၀)ပြည့် ဆီမီး ၉၀၀၀ ပူဇော်ပွဲကို လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးရင်ပြင်ပေါ်တွင် ဘုရားဖူးများ ဆီမီးအလင်းတိုင်များ ထွန်းညှိပူဇော်ကြစဉ်။

(မြန်မာ့အလင်း)

တကောင်းလေးမျက်နှာဘုရား အလှူငွေပေးအပ်ပွဲ အလှူရှင်များဓာတ်တော်များဖြန့်ဝေမည်

ရန်ကုန် ဇန်နဝါရီ ၁

တကောင်းလေးမျက်နှာ ဘုရားကြီးနှင့် ပုဂံရှေးဟောင်း ဘုရားပုထိုးများ ပြန်လည်ပြုပြင်တည်ဆောက်ရန် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပမည်ဖြစ်ရာ ထိုအခမ်းအနားသို့ တက်ရောက်လာကြသော အလှူရှင် ကုသိုလ်ရှင်များ ပူဇော်ကြည်ညိုနိုင်ရန်အတွက် တကောင်း ဓာတ်တော်များကို ကုသိုလ်ဖြစ် ဖြန့်ဝေလှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၅)ကြိမ်မြောက် မဟာဒုက်ပွဲ ရန်ပြေ ၁လမ်း မိသားစုကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

သာကေတမြို့နယ် ၂/တောင်ရပ်ကွက် ရန်ပြေ ၁လမ်း အကျိုးတော်ဆောင်များ ဦးစီးကမကထပြုလျက် သာကေတနှင့် ဒေါပုံမြို့နယ်များရှိ ကျောင်းတိုက် ၂၉ တိုက်မှ ဆရာတော် သံဃာတော် ၁၅၂ ပါး ပင့်ဆောင့်ပြီး နှစ်စဉ် နှစ်တိုင်း လွတ်လပ်ရေးနေ့တွင် လမ်းအတွင်းရှိ အလှူရှင် ဒါယကာ၊ ဒါယိကာမများ သဒ္ဓါတတ်အားသမျှ ဆွမ်းကွမ်းများကို ဆက်ကပ်လှူဒါန်းသည့်အပြင် အကျိုးတော်ဆောင်များက နဝကမ္မ ဆွမ်းပဒေသာပင်များ အဖြစ် ပထမ၊ ဒုတိယ၊ တတိယ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ အထိ လှူဒါန်းပြီး အနည်းအများအလိုက် စာရေးတံမဲများ ဖောက်၍ လှူဒါန်းကြမည်ဟု သိရသည်။ **(က–ပ)**

ကျောက်ဖြူအသင်း(ရန်ကုန်မြို့) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁

ကျောက်ဖြူအသင်း(ရန်ကုန်မြို့)၏ ၂၀၀၅ ခုနှစ်အတွက် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဂုဏ်ပြုဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် အနီးရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ကြွရောက်နိုင်မည့် အသင်းဝင်သက်ကြီး(၇၅နှစ်နှင့် အထက်)ပုဂ္ဂိုလ်များ၊ ပညာရည်ချွန်ဆု တက်ရောက်လက်ခံနိုင်မည့် ၂၀၀၅ ခု တက္ကသိုလ် ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသူအသင်းဝင် သား သမီးများ၊ ၂၀၀၆ ခု တက္ကသိုလ်ပညာသင်ဆု လျှောက်ထားလိုသူများ သည် အချက်အလက် အထောက်အထားများနှင့်အတူ ဥက္ကဋ္ဌ ဦးဘရွှေ ဖုန်း–၀၉–၉၈၂၄၇၁၃၊ အတွင်းရေးမှူး ဦးကျော်လင်း ဖုန်း–၀၉–၅၀၁၃၀၃၇ နှင့် နီးစပ်ရာ အမှုဆောင်များထံ အချိန်မီပေးပို့ကြရန်နှင့် အသင်းဝင် များအပြင် စိတ်ပါဝင်စားသူအားလုံး အခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မုဒုံမြို့နေ ကွယ်လွန်သူ မိဘများဖြစ်သော ဦးကျော်ဟိန်–ဒေါ်မြို့၊ အစ်မ ဒေါ်ကျင်မေ၊ ဒေါ်သန်းတီတို့အားရည်စူး၍ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် တိုက် ၂၄၁ အခန်း ၁၆ နေ ဦးကျော်ရှိန်–ဒေါ်လှလေး မိသားစုတို့က အထွေထွေပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

သဲအင်းဂူဝိပဿနာရိပ်သာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁

တောင်ဥက္ကလာပမြို့နယ် ၁၅ ရပ်ကွက် အမှတ် ၆ ဝိုင်း သဲအင်းဂူ ဝိပဿနာရိပ်သာ ရတနာမာန်အောင် ကျောင်းတိုက်၌ ဇန်နဝါရီ ၈ ရက်မှ ၁၅ ရက်အထိ မူလသဲအင်းဂူ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်တစ်မြို့လုံးဆိုင်ရာ သဲအင်းဂူ သာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနကမ္မဋ္ဌာနာစရိယ နယ်လှည့်သာ သနာပြု ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း)နှင့် ၆ဝိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ စိန္တာမယ ဓမ္မာစရိယ နယ်လှည့်သာ သနာပြု ဓမ္မကထိက အရှင်သူမြတ် နှစ်ပါးတို့က အပါယ်တံခါးပိတ်၍ အသေတတ် အနေမြတ် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းများ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများ ဇန်နဝါရီ ၇ ရက် (စနေနေ့) ညနေ ၅ နာရီ အရောက်စာရင်းသွင်းပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ တစ်နေ့တာဆွမ်း၊ အချိုပွဲများကို ရိပ်သာသို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မိုင်းတုံမြို့တွင်း လမ်းမကြီး ရေနုတ်မြောင်းများတူးဖော်

ရန်ကုန် ဇန်နဝါရီ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၇ ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသိန်းမင်း၊ အငယ်တန်း အင်ဂျင်နီယာ–၂ ဦးတင်မြင့်နှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ စုပေါင်း၍ မိုင်းတုံမြို့ မြို့တွင်းလမ်းမကြီးတစ်လျှောက်လမ်းဘေး ဝဲ၊ ယာ ရေနုတ်မြောင်းများကို တူးဖော် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံ ပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ဆူညံစွာထုရိုက်သံ အနှောင့်အယှက်ဖြစ်နေ

စာတည်းခင်ဗျား–

ဗိုလ်တထောင်မြို့နယ် ၄၃ လမ်း(မဟာဗန္ဓုလလမ်းနှင့်ကုန်သည်လမ်းကြား) တွင် ကားဝပ်ရှော့တစ်ခုသည် လမ်းဝဲယာနှစ်ဖက်၌ ကားများရပ်၍ ပြင်ဆင်နေခြင်းကြောင့် မကြာခဏ လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေခြင်း၊ နံနက် ၇ နာရီခန့်မှ ည ၁၀ နာရီခန့်အထိ ဆူညံစွာ ထုရိုက်သံတို့ကြောင့် အနီးပတ်ဝန်းကျင်မှ သက်ကြီးရွယ်အိုများ၊ လူမမာများ အလွန်အနှောင့်အယှက် ဖြစ်နေရပါသည်။

ထို့အပြင် လောင်စာဆီများ သိုလှောင်ရောင်းဝယ်နေ၍ မီးဘေးအန္တရာယ် စိုးရိမ်နေရပါသဖြင့် အဆိုပါဝပ်ရှော့ကို သက်ဆိုင်ရာက လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **၄၃ လမ်းသား**

ကျူးကျော်ခြံစည်းရိုး စနစ်တကျဖြစ်စေလို

စာတည်းခင်ဗျား–

မရမ်းကုန်းမြို့နယ် အမှတ်(၉) ရပ်ကွက် ကမ္ဘာအေးဘုရားရှေ့ ထွက်ပေါက် တည့်တည့်လမ်းသွယ်မှာ ယခင်က ကားအတက်အဆင်းရှိခဲ့ပါသည်။ ယခုအခါ လမ်းသွယ်ထိပ် နှစ်ဖက်ရှိ ခြံနှစ်ခြံမှာ ကျူးကျော်ခြံစည်းရိုးခတ်ထားသောကြောင့် လူသွားလမ်းကလေးသာ ကျန်နေပါသဖြင့် နွေရာသီ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန်နှင့် လမ်းသွားလမ်းလာများ အဆင်ပြေစွာ သွားလာနိုင်ရန်အတွက် ထိပ်ဝရှိခြံနှစ်ခြံမှ ကျူးကျော်ခြံခတ်မှုကို စနစ်တကျဖြစ်စေရန် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးနိုင်ရေး တင်ပြအပ်ပါသည်။ **(၉)ရပ်ကွက်သား**

အပြင်းစားငရုတ်မီးငွေ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်–

ပန်းဘဲတန်းမြို့နယ် (၆) ရပ်ကွက် ရွှေဘုံသာလမ်း အောက်လမ်း တိုက်ခန်းတစ်ခန်းတွင် ရွှေချတ်လုပ်ငန်းတစ်ခုသည် တစ်နေကုန်နီးပါး ရွှေချတ်လုပ်ငန်းလုပ်ကိုင်လျက်ရှိသည်။

ထိုရွှေချတ်လုပ်ငန်းမှ ထွက်ပေါ်လာသည့် အပြင်းစား ငရုတ်မီးငွေ့အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ဗိုလ်မင်းရောင်လမ်းပြုပြင်ပေးပါ

စာတည်းခင်ဗျား–

ဒဂုံမြို့သစ် (မြောက်ပိုင်း) ၏ တောင်ခြမ်းနှင့်မြောက်ခြမ်းကို ဆက်သွယ်ထားသော ဗိုလ်မင်းရောင်လမ်း ကတ္တရာလမ်းမှာ ဘတ်စ်ကား လိုင်း (၃)လိုင်းဖြစ်သော ၃၆/၄၉/ ၆၁ ကားများ ပြေးဆွဲသော လမ်းမကြီးဖြစ်ပါသည်။ သို့သော် မပြုပြင်သည်မှာ ကြာပြီဖြစ်၍ ချိုင့်ခွက်များကြောင့် ဘတ်စ်ကားအောက်ပိုင်းများ မကြာခဏ ပျက်စီးမှု ဖြစ်ပေါ်နေပါသဖြင့် အဆိုပါလမ်းကို ပြုပြင်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **မြောက်ပိုင်းသား**

အရှေ့ဗဟိုလမ်းထိပ်ရှိဆိုင်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

ဗဟန်းမြို့နယ် ဆရာစံမြောက်အရှေ့ရပ်ကွက် အရှေ့ဗဟိုလမ်းထိပ်ရှိဆိုင်များမှာ နေ့စဉ်နံနက်မှ ည ၁ နာရီကျော်အထိ လမ်းပိတ်ဆို့၍ ထိုင်ခုံများခင်းကာ ဈေးရောင်းနေသောကြောင့် လမ်းသွားလမ်းလာများ၊ မော်တော်ယာဉ်များအတွက် အနှောင့်အယှက်ဖြစ်နေပါသည်။ ထို့အပြင် ဆိုင်များမှ စွန့်ပစ်သောအမှိုက်များ အညစ်အကြေးများကြောင့် လမ်းအတွင်းရှိရေမြောင်းများပိတ်ဆို့ပြီး အနံ့ဆိုးများ ထွက်ပေါ်လျက်ရှိပါသည်။ ပတ်ဝန်းကျင်မှ ပြည်သူများကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှစိစစ်ကြပ်မတ်ပေးပါရန်တင်ပြအပ်ပါသည်။ **အရှေ့ဗဟိုလမ်းသား**

ကတ္တူပုံးစက်ရုံကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်–

မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာအုပ်စု မြသီတာရပ်ကွက်ရှိ ကတ္တူပုံးစက်ရုံတစ်ရုံသည် လူနေအိမ်များကြားတွင်ရှိပြီး ၎င်းစက်ရုံခေါင်းတိုင်မှ ထွက်ရှိသော မီးခိုးလုံးကြီးများကြောင့် ရပ်ကွက်နေ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးကို ထိခိုက်နေရသည့်အပြင် မီးဘေးအန္တရာယ်လည်း စိုးရိမ်နေရပါ၍ ယင်းစက်ရုံကို သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

အမှိုက်ပုံ ပြောင်းရွှေ့ပေးပါ

စာတည်းရှင့်–

ကျွန်မတို့နေထိုင်သော ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက် ချင်းတွင်းလမ်းရှိအမှိုက်ပုံမှာ ခြင်၊ ယင်များ ပေါက်ပွားပြီး အနံ့အသက်ဆိုးနေပါသဖြင့် ပတ်ဝန်းကျင်နေ လူအများ၏ ကျန်းမာရေးကိုထိခိုက်နေပါ၍ ရပ်ကွက်အတွင်းမှ အခြားသင့်တော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **ချင်းတွင်းလမ်းသူ**

မကွေးတက္ကသိုလ် ရွှေရတုအထိမ်းအမှတ်အခမ်းအနား ကျင်းပ

မကွေး ဒီဇင်ဘာ ၂၂

မကွေးတက္ကသိုလ် တည်ထောင်ဖွင့်လှစ်ခြင်း နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်က မကွေးတက္ကသိုလ် ပင်မမြက်ခင်းပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတက္ကသိုလ် ပါမောက္ခချုပ်ဆရာကြီး ဦးတင်မောင်ဦး ဦးစီး၍ မကွေးကောလိပ် ဆရာ၊ ဆရာမများ၊ မျိုးဆက်သစ် မျိုးဆက်ဟောင်း ကျောင်းသား ကျောင်းသူများ၊ ၁၉၅၅ ခုနှစ်မှစ၍ မကွေးတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ ဌာနများမှ အသက်(၆၀) ပြည့်ပြီးသော ပါမောက္ခ၊ ကထိက၊ လက်ထောက်ကထိက၊ နည်းပြ၊ သရုပ်ပြ ဆရာ၊ ဆရာမများ၊ မျိုးဆက်ဟောင်း၊ မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ စုံညီစွာ တက်ရောက်ကြသည်။

ပြောကြား

ထို့နောက် မကွေးတက္ကသိုလ် ဓမ္မာရုံ၌ ရွှေရတုအထိမ်းအမှတ် ဆုနှင်းပွဲနှင့် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က ဆက်လက်ကျင်းပရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ ၁၅၀ကျော် တက်ရောက် ကန်တော့ခံကြရာ ဆရာကြီး၊ ဆရာမကြီးများအား လှူဖွယ်ပစ္စည်း၊ ဆေး၊ စာအုပ်၊ အလှူငွေများဖြင့် ကန်တော့ကြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာမောင်ဒီက သြဝါဒစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ၁၉၆၄ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ မကွေးကောလိပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲကို ရန်ကုန်တက္ကသိုလ်ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဝမ်းတွင်း စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားနှင့် စာအုပ် စာစောင်များလှူဒါန်း

ဝမ်းတွင်း ဒီဇင်ဘာ ၂၆

ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက်၊ ရေဒီယို၊ ပရိဘောဂနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက်၁၀နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှခိုင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအကြောင်း ဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စုစုပေါင်းငွေကျပ် ၁၈၅၉၂၄၀ တန်ဖိုးရှိ စေတနာရှင်ပြည်သူများ လှူဒါန်းသော ရုပ်မြင်သံကြားပြစက်လေးလုံး၊ ရေဒီယိုတစ်လုံး၊ မှန်ဗီရိုသုံးလုံးနှင့် စာအုပ်စာစောင် ၇၂၄၉အုပ်တို့ကို မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌများက လက်ခံရယူကြောင်း သိရသည်။ **(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

မီးသတ်ယာဉ်များစစ်ဆေး

ပဲခူးတိုင်း မီးသတ်ဦးစီးဌာန ဦးစီးမှူးရဲကျော်စွာဝင်းမြင့်၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးသန်းနိုင်နှင့် တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၇ ရက်က ပြည်ခရိုင်အတွင်းရှိ ဆံတော်ရပ်ကွက် ဆေးရေးအရန်မီးသတ်တပ်ဖွဲ့ တပ်စု(၄)ရှိ မီးသတ်ယာဉ်များကို ကွင်းဆင်းစစ်ဆေးစဉ်။

(ခရိုင် ပြန်/ဆက်)

နတ်တလင်းမြို့နယ် လှပခြင်း စံပြကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် ရပ်မိရပ်ဖများ ဦးဆောင်၍ ကျေးရွာအုပ်စုအတွင်းရှိ အသက် (၈၀)နှင့်အထက် အဘိုး၊ အဘွားများအား ပထမအကြိမ် သက်ကြီးပူဇော်ပွဲကို ဒီဇင်ဘာ ၅ ရက်က လှပခြင်းလောကကေတု ဆုတောင်းပြည့်ဘုရားကြီး တန်ဆောင်း၌ ကျင်းပရာ အဘိုး၊ အဘွား ၄၃ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၄၅၀တန် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြောင်းမြမြို့နယ်၌ လမ်းကူးကွန်ကရစ်တံတားဖွင့် ငွေကျပ်သိန်း ၂၀ အကုန်အကျခံတည်ဆောက်ခဲ့

မြောင်းမြ ဒီဇင်ဘာ ၂၇

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြောင်းမြမြို့နယ် ကံချောင်းကျေးရွာ ဆက်သွယ်ရေးလမ်းကူး ကွန်ကရစ်တံတားဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက်က အဆိုပါတံတားမှခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က လမ်း၊ တံတားတည်ဆောက်မှုအခြေအနေများကို ရှင်းလင်းပြီး ကျေးရွာဥက္ကဋ္ဌဦးစိုးနိုင်က တံတားနှင့်ပတ်သက်သော အချက်အလက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဆက်သွယ်ရေးလမ်းကူး ကွန်ကရစ်တံတားသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွဋ်ဝင်းနှင့် အဖွဲ့ဝင်များက တံတားသစ်နှင့် ကျေးရွာချင်းဆက်မြေသားလမ်းသစ်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ တံတားအရှည် ၁၀ပေ၊ အကျယ် ၁၅ပေကို ငွေကျပ်သိန်း၂၀အကုန်အကျခံကာ ကံချောင်းရွာသူရွာသားများ ကိုယ့်အားကိုယ်ကိုး တည်ဆောက်ကြခြင်းဖြစ်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ

၃-၁-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (Golden Hope ခရီးသွားလုပ်ငန်း၏ ဝန်ဆောင်မှုများ)

၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (သူ့ကျွန်မခံ စာဆိုတို့၏အားမာန်-ဇကေ)

၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (ကြီးပွားရေးလမ်းညွှန်-သဒ္ဒမ္မမဏ္ဍိုင်ဆရာတော်)

၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (အမေ့သားဖွဲ့မောင်မောင်)

၁၂:၄၅ မျက်မှောက်ရေးရာဆွေးနွေးစရာ

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (သတ္တမတန်း-အထွေထွေသိပ္ပံ)

ညနေပိုင်း

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ပန်းလျှံခွမ်းကြေ ကင်းဝေးစေ)

၁၈:၂၀ ကျေးလက်ဇာတ်လမ်း (နှစ်သစ်နှင့် အချစ်စစ်)

၁၈:၄၀ ၂၀၀၆ ခုနှစ် လွတ်လပ်ရေးနေ့ ဂုဏ်ပြု (ဟံသာဝတီ ဂေါက်သီးရိုက် လေ့ကျင့်ကွင်း ဖွင့်ပွဲအကြောင်း)

၁၉:၁၅ ကျန်းမာရေးနှင့် ဆေးပညာ (သွေးအကြောင်း-မင်းမောင်သိုက်)

၁၉:၃၀ လွတ်လပ်ရေးနေ့ ဂုဏ်ပြုတေးသစ်များ

၂၀:၃၀ ကလေးများ၏ သီချင်းဆိုပြိုင်ပွဲ (လွတ်လပ်ရေးနေ့)

ကျေးလက်ရေပေးရေးဖွင့်ပွဲ မိုင်းရှူးမြို့၌ကျင်းပ

မိုင်းရှူး ဒီဇင်ဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ဝမ်ဆော့ကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ဆောင်ရွက်ပေးခဲ့သော ကျေးလက်ရေပေးရေးဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်က အဆိုပါကျေးရွာတွင် ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးအောင်က အမှာစကားပြောကြားပြီး မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်လေးက ရေပေးရေးလုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးအောင်က ရေပိုက်ခေါင်းများကို ဖွင့်လှစ်ပေးသည်။ အဆိုပါ ဝမ်ဆော့ကျေးရွာရေပေးရေးလုပ်ငန်းမှာ စိမ့်စမ်းရေသွယ်လုပ်ငန်းဖြစ်ပြီး မိုင်းရှူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၃၁ သိန်း တန်ဖိုးရှိ ပီဗွီစီပိုက် ၁၀၃ လုံးနှင့် ဝမ်ဆော့ကျေးရွာမှ ရေစုကန်နှင့်ရေလှောင်ကန်များ တည်ဆောက်ခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပြီး နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးအောင်နှင့်အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် မိုင်းရှူးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကျေးလက်စကားဝိုင်းဆွေးနွေးနေမှုများ၊ အခြေခံပညာအလယ်တန်းကျောင်းတွင် ကွန်ပျူတာခန်းမနှင့် စာသင်ခန်းများ၌ စာသင်ကြားနေမှုများ၊ ကျေးလက်ကျန်းမာရေးဌာန၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။ **(နယ်စပ်/စည်ပင်)**

အနာကြီးရောဂါ တိုက်ဖျက်ရေး ကျောက်ကြီးမြို့နယ်၌ဟောပြော

ကျောက်ကြီး ဒီဇင်ဘာ ၂၄

တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် အနာကြီးရောဂါတိုက်ဖျက်ရေး အရှိန်အဟုန်မြှင့်စီမံချက်အရ အနာကြီးရောဂါ တိုက်ဖျက်ရေးဌာနမှ ဒေါက်တာ ထွန်းအောင်ကြည် ခေါင်းဆောင်သောအဖွဲ့သည် ဒီဇင်ဘာ ၁၄ ရက်က ကျောက်ကြီးမြို့သို့ ရောက်ရှိလာကာ ဒီဇင်ဘာ ၁၅ရက်မှစ၍ ရေလဲ(ကရင်)၊ ရန်မျိုးအောင်၊ ဖန်ခါးကုန်းနှင့် ဇောတိကျေးရွာများတွင် ဌာနေကျန်းမာရေးဝန်ထမ်းများ သက်ဆိုင်ရာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ရွာလုံးကျွတ် လူနာရှာဖွေ ကုသပေးခြင်း၊ ပညာပေး ဟောပြောခြင်း တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဒီဇင်ဘာ၁၅ရက်က အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ပျိုးခြံကိုကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က ရှင်းလင်းတင်ပြစဉ်။ (၃၁၆)

ခေမာသီဝံစာသင်တိုက် ငွေရတုအထိမ်းအမှတ်ကျင်းပ

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၇

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ရှိ ခေမာသီဝံ စာသင်တိုက်ကြီး၏(၂၅)နှစ်ပြည့်ငွေရတုမင်္ဂလာ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁၅ရက်က ခေမာသီဝံစာသင်တိုက် အနုနာပူရမဏ္ဍပ်ကြီးတွင် ကျင်းပသည်။

အခမ်းအနားတွင် ခေမာသီဝံစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ခေမိန္ဒထံမှ ရှစ်ပါးသီလ ခံယူကြသည်။

ဆက်ကပ်

ထို့နောက် ခေမာသီဝံစာသင်တိုက် စာချဝန်ဆောင်အရှင်ဣန္ဒက က ခေမာ သီဝံစာသင်တိုက်၏ ငွေရတုသဘင် ဆင်ယင် ကျင်းပမှုနှင့် ပတ်သက်၍ လျှောက်ထားသည်။ ဆက်လက်၍ ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးရွှေမန်းက သာသနာရေး ဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ဝတ္ထု အစုစုတို့ကို သံဃာတော်အရှင်မြတ်များအား ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(ဝ၆၁)

လားရှိုးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး၊ အမှုဆောင်သစ်ရွေးချယ်

လားရှိုး ဒီဇင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မျက်နှာစုံညီအစည်းအဝေးနှင့် စာပေညီလာခံကိုယ်စားလှယ်ရွေးချယ်ပွဲကို ဒီဇင်ဘာ၃ရက် ညနေပိုင်းက မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနေအိမ်၌ကျင်းပရာအမှုဆောင်အဖွဲ့၏အစီရင်ခံစာကို အတွင်းရေးမှူးဦးသိန်းဟန် (ရာမညသွေးမွှန်)က ဖတ်ကြားသည်။

ဆက်လက်၍ အမှုဆောင်သစ်များရွေးချယ်ပွဲကိုကျင်းပရာ ဥက္ကဋ္ဌ ဦးဘိုနီ(သတင်းထောက်)၊ အတွင်းရေးမှူး ဦးသိန်းဟန် (ရာမညသွေးမွှန်)၊ ဘဏ္ဍာရေးမှူး ဦးအောင်မင်း(သတင်းထောက်)ပါဝင်သော အမှုဆောင်အဖွဲ့ကို ရွေးချယ်ကြပြီး စာပေညီလာခံကိုယ်စားလှယ်အဖြစ် အဖွဲ့ဝင် ဒေါ်သန်းသန်းနွဲ့ (မမ-တရားရေး) အားရွေးချယ်ကြောင်း သိရသည်။

(၃၅၉)

မြောက်ဦးရှာဟောင်းတောသွား တံတားတည်ဆောက်

မြောက်ဦး ဒီဇင်ဘာ ၂၄

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့သည် ဒီဇင်ဘာ၁၂ရက်က မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့်အတူ ၂၀၀၅-၂၀၀၆ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ရှာဟောင်း တောသွားလမ်းပေါ်ရှိ တံတားတည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်ချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

သန်လျင်မြို့ အခြေခံပညာ မူလတန်းလွန်ကျောင်း (ဗဟို)၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ၁၀ရက်က ကျောင်းခန်းမ၌ကျင်းပရာဒုတိယတန်း၌ ပထမဆုရ မမေသူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်လှက ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

မြန်အောင်အမှတ်(၄)ရပ်ကွက် မြို့တွင်း ကတ္တရာလမ်းသစ်ခင်း

မြန်အောင် ဒီဇင်ဘာ ၂၈

မြန်အောင်မြို့ အမှတ်၄ရပ်ကွက် ကျောင်းတိုက်ကြီးလမ်းကတ္တရာလမ်းခင်းလုပ်ငန်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၉ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမိုးဟိန်းနှင့် လုပ်ငန်းခွင် အင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ-၂ဒေါ်ရွှေစင်တို့ကြီးကြပ်ဆောင်ရွက်ပေးသည်။

အဆိုပါလမ်းမှာ အရှည် ၁၄၅၅ ပေ ရှိပြီး မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ငွေကျပ် ၄၇၂၅၀၀၀ အကုန်အကျခံ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တိုက်ကြီးမြို့ ဌာနလမ်း ကတ္တရာလမ်း အရှည်ပေ ၆၅၀၊ အကျယ် ၁၂ပေကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ ကျပ် ၅၁သိန်းဖြင့် ဆောင်ရွက်သော ကတ္တရာလမ်းသစ်ကို ဒီဇင်ဘာ ၂၉ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်၊ မြို့နယ် ဥက္ကဋ္ဌ ဦးမြတ်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

စာပေဟောပြောပွဲကျင်းပ၊စာပေပြိုင်ပွဲဆုချီးမြှင့်

တောင်ငူ ဒီဇင်ဘာ ၂၅

တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ၁၃၆၇ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၇ရက် ည ၇နာရီက တောင်ငူမြို့ ကေတုမတီ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ တောင်ငူခရိုင် အတွင်းရေးမှူးဗိုလ်မှူးသိန်းဌေး၊ မြို့နယ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်ဝင်း (ငြိမ်း)(ကိုရေချမ်း-တောင်ငူ)နှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ဌာနဆိုင်ရာများနှင့်စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌမှပေးပို့သည့်သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး မောင်ဆွေ (တောင်ငူ)က ဖတ်ကြား၍ မြို့နယ် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားပြီး အလှူရှင်များနှင့် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာနှင့် ကာတွန်း ပြိုင်ပွဲများတွင် ဆုရသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဟောပြော

ဆက်လက်၍ အမျိုးသားစာပေဆုရ စာရေးဆရာ ကောင်းသန့်၊ စာရေးဆရာဒေါက်တာခင်မောင်ညိုနှင့် စာရေးဆရာမပြနှောင်းညိုတို့က စာပေရေးရာများ ဟောပြောကြသည်။**(၃၀၃)**

ကလောမြို့ ဓမ္မစကြာလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို နိုဝင်ဘာ ၁၁ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေး မုံရွာမြို့နယ်၌ဆွေးနွေး

မုံရွာ ဒီဇင်ဘာ ၁၂

မုံရွာမြို့နယ်အတွင်း ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၃၀ ရက်က မုံရွာမြို့နယ် ကျောက္ကာ(မ)စံပြကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးကို လည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းကစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် စာအုပ်များ ထိန်းသိမ်းခြင်းဆိုင်ရာများကိုလည်းကောင်း၊ ဒုတိယဦးစီးမှူး ဦးအောင်ဝင်းဆွေက စာကြည့်တိုက်များတွင် ထားရှိရမည့် မှတ်တမ်း၊ စာရင်းဇယားများ၊ ပညာရပ်ခွဲခြားမှုများကို လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာစာကြည့်တိုက် ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများက စာအုပ်များကို ပညာရပ်ခွဲခြားမှုနှင့် မှတ်တမ်း စာရင်းဇယားများ ပြုစုခြင်းဆိုင်ရာများနှင့်ပတ်သက်၍ မေးမြန်းရှင်းလင်းကြသည်။

(ခရိုင် ပြန်/ဆက်)

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် မြေသားလမ်းမှ ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးတို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဒီဇင်ဘာ၁၁ရက်က မော်လမြိုင် မြို့နယ် စည်ပင် သာ ယာ ရေး အဖွဲ့ပိုင် မြိုင်ရတနာ လေးထပ်ဈေးတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးသူဈေးသားများ ဈေးသန့်ရှင်းရေးစုပေါင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စက်ယန္တရားများ ရေနံလောင်စာအစား ဇီဝလောင်စာ တိုးချဲ့အသုံးပြုနိုင်အောင် ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးရေး အမျိုးသားရေးတာဝန်အဖြစ် ခံယူလုပ်ကိုင်

ရှေ့ဖုံးမှ

ရှေးဦးစွာ နမ့်စန်မြို့နယ် နမ့်စန်ဘူတာရှိ မင်္ဂလာမဏ္ဍပ်၌ နံနက် ၈ နာရီခွဲတွင် ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထားလမ်းဖွင့်ပွဲကို စတင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် သက်ဆိုင်ရာဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်နှင့် လွိုင်လင်၊ နမ့်စန်၊ လဲချား၊ မိုင်းကိုင်၊ ကွန်ဟိန်း၊ ပင်လုံ၊ မိုးနဲ၊ မောက်မယ်မြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများ၊ တပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာ့မီးရထားဝန်ထမ်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထားလမ်းဖွင့်ပွဲ မှတ်တမ်းတင် ဓာတ်ပုံရိုက်

ရွှေညောင်–တောင်ကြီး–ဆိုက်ခေါင်–နမ့်စန်–မိုးနဲ ရထားလမ်း ဖွင့်ပွဲတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁

ပညာရေးဝန်ကြီးဌာန ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* *

နိုင်ငံတော်အစိုးရသည် ပြည်သူများ၏အားကို ရယူပြီး တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်နေသည့် အခြေခံကောင်းများကို ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးစားပမ်းစားတည်ဆောက်နေ။

မြန်မာ့အလင်း (၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

- တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် လွတ်လပ်ရေး ကြိုးပမ်းမှုနှင့် လွတ်လပ်ရေးထိန်းသိမ်း ကာကွယ်စောင့်ရှောက်မှု သမိုင်းပေးတာဝန်ကို ကျေပွန်ခဲ့ကြသည့်နည်းတူ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရေးဟူသည့် သမိုင်းပေးတာဝန်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်နိုင်စွမ်းရှိသူများ ဖြစ်သည်။

  သီဟအောင်၏ မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး (၂) ဆောင်းပါး (စာ-၆ နှင့် ၇)

- အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍ — သတင်းဆောင်းပါး (စာ-၇)
- လွတ်လပ်ရေးနှင့် ဒို့တာဝန် — ဖိုးရန်နိုင်(ကျောက်ကြီး)၏ ကဗျာ (စာ-၇)